ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 29 August 2022 ၁၀၈၄၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း International Army Games-2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

## မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာအတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Convention Center တွင် ကျင်းပပြုလုပ်သည့် International Army Games – 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**မြန်မာ့တပ်မတော်အနေဖြင့် တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲများဖြစ်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ Army of Culture တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့**



### ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division – 1) ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

ယနေ့ ဖတ်စရာ

အမေရိကန်ရဲ့ ရပ်တည်ချက် ဘယ်မှာလဲ ဆောင်းပါး စာမျက်နှာ » ၆

လူနဲ့လူ ဆောင်းပါး စာမျက်နှာ » ၁၀

လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရေးအတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# ရေသယံဇာတကို ထိရောက်စွာအသုံးချ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ပေါ်လာစေရန် အဓိကကျသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစီးပွားကို အခြေခံသည့်နိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်၊ ရေအရင်းအမြစ်တို့ကိုအခြေခံ၍ လယ်ယာစီးပွားကို မြှင့်တင်နိုင်သည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်း၌ မြောက်မှတောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ကြီး လေးစင်းတွင် မြစ်လက်တက်များစွာရှိပြီး နှစ်စဉ် ရေဧကပေ သန်းပေါင်း ၈၇၆ သန်းခန့် ပင်လယ်ထဲသို့ စီးဝင်လျက်ရှိသည်။ အဆိုပါ မြစ်ကြီးများနှင့် မြစ်လက်တက်များပေါ်တွင် ဆည်တမံ ၂၄၅ ခုနှင့် ရေတင်လုပ်ငန်း ၂၁၀ တို့ကို တည်ဆောက်ထားပြီး နှစ်စဉ်ပင်လယ်ထဲသို့ စီးဆင်းလျက်ရှိသည့် ရေထုပမာဏ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ကို ပြည်သူအကျိုးပြု စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် သီးနှံမျိုးစုံစိုက်ဧက ၃၃ ဒသမ ၂ သန်းခန့်ရှိပြီး မိုးကောင်းရေသောက်၊ ဆည်ရေသောက်၊ မြစ်ရေတင်စိုက်ပျိုးမြေများမှာ ၂၅ ဒသမ ၅၁၇ သန်းခန့်ရှိသည်။ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက သုံးသန်းခန့်ရှိသည်။ အဆိုပါ စိုက်ပျိုးမြေများထဲတွင် ရေသွင်းစိုက်ဧရိယာဧက ၆ ဒသမ ၇၁ သန်းရှိသည့်အတွက် သီးနှံမျိုးစုံစိုက်ပျိုးနေသည့် အသားတင်စိုက်ဧရိယာဧက ၃၃ ဒသမ ၂ သန်း၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဆည်ရေပေးဝေလျက်ရှိသည်။ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေရေးလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် အစိုးရက ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေတံခါးများ၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေရေးလုပ်ငန်းများ၊ မြေအောက်ရေထိန်း ရေလှောင်တမံလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့ကို လေ့လာမည်ဆိုပါက ဒေသတိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများအား မြှင့်တင်ပေးနိုင်ရန်အတွက် ဆည်မြောင်းတာတမံ ရေပေးဝေရေးလုပ်ငန်းများ တည်ဆောက်ပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။

"ဆောင်ရွက်ပေးခဲ့သည့် ဆည်ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိအောင်အသုံးချပြီး မိမိတို့၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲလာအောင် ရေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာနှင့်အဝှမ်း ရေသယံဇာတများ ဆုတ်ယုတ်ခြင်း၊ ရှားပါးခြင်းများ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ထို့ကြောင့် လူနှင့်သစ်ပင်၊ တိရစ္ဆာန်များအတွက် မရှိမဖြစ်ဖြစ်သည့် ရေသယံဇာတများကို အကျိုးမဲ့ အလဟဿ မဆုံးရှုံးစေရန်နှင့် အနာဂတ်တွင် ရေရှည်သုံးစွဲနိုင်ရန်အတွက် ခြိုးခြံချွေတာခြင်း၊ ထိရောက်အကျိုးရှိစွာ သုံးစွဲခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဂုတ်လ ၂၆ ရက်နေ့ကပြုလုပ်သည့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သည်မှာ အမှန်တကယ်ဖြစ်သည်။ သို့သော် ရေသယံဇာတ၊ မြေသယံဇာတများကို ထိရောက်စွာအသုံးချနိုင်မှုတွင် လိုအပ်ချက်များရှိနေဆဲဖြစ်ပြီး ပေါများလှသည့် ရေသယံဇာတ လေလွင့်မှုများလည်း ရှိနေသည်ကို တွေ့ရသည်။ မိုးရာသီကာလတွင် သဘာဝရေများ အလဟဿဆုံးရှုံးမှုများရှိနေပြီး နွေရာသီရေခန်းခြောက်ချိန်၊ ရေရှားပါးချိန်တွင် ရေသိုလှောင်ထားမှု ရေကုန်သက်သာစေရန်နှင့် ရေအလေအလွင့် မရှိစေရန်အတွက် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို တီထွင်ကြံဆ အသုံးပြုနိုင်ရေး လိုအပ်လျက်ရှိသည်။ သို့ဖြစ်ရာ တန်ဖိုးရှိသောရေကို လေလွင့်မှုမရှိဘဲ ထိရောက်စွာအသုံးချနိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ် (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြပါရှိသည့် လမ်းညွှန်ချက်အတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ဖြင့် သတ်မှတ်ထားသော တက္ကသိုလ်(၂၆)ခုသို့ (၂-၉-၂၀၂၂) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း ကြေညာချက်အား ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ပါအတိုင်း -

(က) ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် (၆)ဘာသာရမှတ်ပေါင်းကို အခြေခံပြီး (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃)ဘာသာရမှတ်ပေါင်း အများ/အနည်းပေါ် မူတည်၍ ပဏာမရွေးချယ်မည်ဖြစ်ပါသည်၊

(ခ) ပဏာမရွေးချယ်ခံထားရသူများအနေဖြင့် လူတွေ့နှုတ်မေးစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာဆန်းစစ်ခြင်း (ရေးဖြေ) စာမေးပွဲကိုလည်း ဖြေဆိုရမည်ဖြစ်ပါသည်၊

(ဂ) (၃)ဘာသာပေါင်းရမှတ်နှင့် လူတွေ့နှုတ်မေးစာမေးပွဲတို့၏ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်ရရှိသူများကို အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပါသည်၊

(ဃ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုရမည့်နေ့ရက်နှင့် ခုံအမှတ်များ၊ ဖြေဆိုရမည့်နေရာများကို စာမေးပွဲမကျင်းပမီ နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ လျှောက်ထားရာတွင် ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် သင်တန်းရွေးချယ်မှုကတ်ပြားတွင် ဖော်ပြထားသော ဦးစားပေးအစီအစဉ်အတိုင်း ပြည့်စုံစွာ ဖော်ပြလျှောက်ထားရန် လိုအပ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၈-၈-၂၀၂၂)




**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၂၈

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Convention Center တွင် ကျင်းပပြုလုပ်သည့် International Army Games–2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

☆ **ရှေ့ဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ Alabino လေ့ကျင့်ရေးကွင်းရှိ House of Friendship ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ တင့်ကားမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon(Division – 1) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တရုတ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုစ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် ရုရှားနိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၂၉ မိနစ် ၃၆ စက္ကန့်ဖြင့် ပထမဆုကို လည်းကောင်း၊ ဘီလာရုစ်နိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၄၁ မိနစ် ०၄ စက္ကန့်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ တရုတ်နိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၄၄ မိနစ် ०၃ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ရရှိခဲ့သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးကိုယ်စား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုချီးကျူးကြောင်းနှင့် ပြိုင်ပွဲဝင် အသင်းသားများနှင့် ပူးပေါင်းပါဝင်ယှဉ်ပြိုင်နိုင်ရန် စေလွှတ်ပေးသည့်နိုင်ငံများ၏ အကြီးအကဲများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက တင့်ကားမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division – 1) တွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင် တင့်တပ်ဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ရိုးရာယဉ်ကျေးမှုများဖြင့် ဖျော်ဖြေညှော်ခံကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

အဆိုပါ International Army Games–2022 ပြိုင်ပွဲကို နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် အိမ်ရှင်အဖြစ် နိုင်ငံပေါင်း ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော် အနေဖြင့် တင့်ကား စွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ် စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲများဖြစ်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ Army of Culture တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ယှဉ်ပြိုင်ခဲ့**

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon (Tank Crews Competition) Division–2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခါ့ဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေးနီးယားနှင့် မာလီနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့် အတူ မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မမ အမြောက်အား ရပ်လျက်ကျည် သုံးတောင့်ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မမ လေယာဉ်ပစ်စက်သေနတ် ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ Crew – 1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် လည်းကောင်း၊ Crew –2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့်လည်းကောင်း၊ Crew – 3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့် လည်းကောင်း စုစုပေါင်း ပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့် ရရှိခဲ့ပြီး စုစုပေါင်း ပစ်မှတ် ၁၅ ခုတွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်းတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

**ဆွတ်ခူးရရှိခဲ့**

ထို့အပြင် မြန်မာ့တပ်မတော် အနေဖြင့် လက်ဖြောင့်သေနတ် ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံ ခုနစ်နိုင်ငံအနက် အဆင့် ၄ နေရာ၌လည်းကောင်း၊ ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲတွင် ဖွဲ့သတ္တိဆုနှင့် အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာ၌ လည်းကောင်း ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ အလားတူ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း)တွင် ပထမဆု၊ အကပြိုင်ပွဲတွင် တတိယဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံးတင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှု(People’s Choice Award)တွင်လည်း ပထမဆုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

**ဆက်လက်ပါဝင်ယှဉ်ပြိုင်မည်**

မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games–2022 ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက် အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- **မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon (Tank Crews Competition) Division-2 ၌ စုစုပေါင်း ပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ရရှိခဲ့ပြီး စုစုပေါင်း ပစ်မှတ် ၁၅ ခုတွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်းတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိ**
- **လက်ဖြောင့်သေနတ် ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ ခုနစ်နိုင်ငံအနက် အဆင့် ၄ နေရာ၌ လည်းကောင်း၊ ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲတွင် ဖွဲ့သတ္တိဆုနှင့် အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာ၌ လည်းကောင်း ရရှိအောင် စွမ်းဆောင်နိုင်ခဲ့**



International Army Games–2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုများဖြင့် ဖျော်ဖြေညှော်ခံကြစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

**လျာထားဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံအတွက် အလွန်ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သကဲ့သို့ ကြုံတောင့်ကြုံခဲ ပါဝင်ဆောင်ရွက်ခွင့်ရမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဒေသာကပွဲအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်သဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ညှိနှိုင်းပေါင်းစပ်၍ အောင်မြင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပဒေသာကပွဲတွင် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်များ၊ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များဟူ၍ စနစ်တကျခွဲခြား ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ပြည်သူများ စိတ်လက်အပန်းပြေစေရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပဒေသာကပွဲအစီအစဉ်များတွင် ပြည်သူများအတွက် ပျော်ရွှင်စရာ၊ အပန်းပြေစရာများ ပါဝင်ရမည်ဖြစ်သကဲ့သို့ လွတ်လပ်ရေးနှင့်ပတ်သက်သည့် တွေးတောဆင်ခြင်စရာများလည်း ပါဝင်စေချင်ကြောင်း၊ ပဒေသာကပွဲကြီးကို ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ အနုပညာရှင်များ စုံစုံညီညီ ပါဝင်ဆင်နွှဲပေးစေချင်ကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာသူပညာရှင်ကြီးများ၊ တာဝန်ရှိသူများက ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရေနံနှင့်သဘာဝဓာတ်ငွေ့များ ယခုထက်ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ချောက်/လမ်းရွာရေနံမြေရှိစွမ်းအင်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ချောက်/လမ်းရွာရေနံမြေ ဖိုကုန်းဒေသတွင် ZJ 70L SR 1 တွင်းတူးစက်ဖြင့် တွင်းအမှတ် CDT-15 တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ ချောက်/လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာက ချောက်/လမ်းရွာရေနံမြေ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်နေမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအမံများ၊ လက်ရှိတူးဖော်နေသည့် CDT-15 ၏ ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် တူးဖော်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ ခန့်မှန်းထွက်ရှိနိုင်မည့် အခြေအနေနှင့် သုံးစွဲမည့်အခြေအနေတို့ကို ကြိုတင်စဉ်းစားတွက်ချက်ထားရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ထုတ်လုပ်ရေးတွင်းများ ဆက်လက်တူးဖော်နိုင်ရေး စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောက်/လမ်းရွာရေနံမြေ အမှတ်(၁) ရေနံလက်ခံသိုကန်တန်းဧရိယာရှိ ရေနံတွင်းများမှ ရေနံစိမ်းထုတ်လုပ်နေမှု၊ လက်ခံသိုကန်တန်းများသို့ ပို့လွှတ်မှုကို ကြည့်ရှုစစ်ဆေးပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ရေနံမြေလုံခြုံရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပင်မစက်မှုလက်မှုအလုပ်ရုံ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်းသို့ရောက်ရှိပြီး ရေနံတွင်းတူးစက်နှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုတင် ၁၅၀ ဆံ့ ရေနံဆေးရုံတွင် ပြည်သူများနှင့် ဝန်ထမ်းများ တက်ရောက်ဆေးကုသနေမှုကို ကြည့်ရှုစစ်ဆေးရာ ရေနံဆေးရုံဆရာဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း




နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဌာနတာဝန်ခံများ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ နယ်ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ ခြောက်လပတ်ကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြီးခဲ့သည့် ခြောက်လပတ်ကာလအတွင်း ဝန်ကြီးဌာန၏ ကဏ္ဍအလိုက် အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် အကျိုးအပြစ်တို့ကို လေ့လာသုံးသပ်ကြပြီး နောင်လာမည့်ကာလများတွင် ယခုထက်ပိုမို တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသည့်အတွက် ဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်နေသော ကိစ္စရပ်များကို စဉ်ဆက်မပြတ် ကြိုးစားအကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ ယခုပြီးခဲ့သည့် ခြောက်လပတ်ကာလအတွင်း ဆောင်ရွက်ချက်များအပေါ် နှိုင်းယှဉ်စဉ်းစားသုံးသပ်ကြပြီး နောင်လာမည့်ကာလများအတွက် ပိုမိုကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များအပေါ် ဝန်ကြီးဌာနက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ တာဝန်ခံများနှင့် ဌာနတာဝန်ခံများက ခြောက်လပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုလုပ်ငန်းများအတွက် ရော်ဘာထုတ်ကုန်ပစ္စည်းများ မရှိမဖြစ်လိုအပ်သဖြင့် ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သော အခြေခံဆေးဝါးများ ထုတ်လုပ်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးအနက်ထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနများ၏အမှာစာများကို အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နေသည့်ဝန်ထမ်းများ၏ အရည်အသွေးနှင့် အသိပညာများတိုးတက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးရန်၊ ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေး လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးရန်နှင့် မျိုးဆက်သစ်ပညာရှင်များ၊ နည်းပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)သို့ ရောက်ရှိပြီး စက်ရုံ၌ရှိပြီး အရင်းအမြစ်များအား အကျိုးရှိစွာအသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်၊ မြေ၊ အဆောက်အအုံ၊ စက်နှင့် စက်ပစ္စည်း စသည့်ပုံသေပိုင်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ထားရန် မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(သဃ်န်းကျွန်း)သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းများအတွက် ရော်ဘာထုတ်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သဖြင့်ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရန်၊ ရော်ဘာပစ္စည်းထုတ်လုပ်မှု ခေတ်မီနည်းပညာများရရှိရေး လေ့လာသင်ယူသွားရန်၊ စက်ရုံမှ ရော်ဘာပစ္စည်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မှာယူထားသည့်ရော်ဘာ Fender များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စက်ရုံမှ ထုတ်လုပ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်းပြုလုပ်နိုင်ရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ ယခင်က ဆေးဝါးထုတ်လုပ်ခဲ့သည့် စက်ပစ္စည်းများ ခင်းကျင်းထားမှုနှင့် ဆေးဘူးခွံများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း(မကွေး-အောင်လံ)လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း(မကွေး - အောင်လံ)လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် အောင်လံဘက်ကမ်းသို့ ရောက်ရှိပြီး ချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးသည့်အပိုင်း၊ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းများဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင် ရှုရပ်မှ မြစ်ရေတက်ချိန် ရေလယ်တိုင်လုပ်ငန်းများ အန္တရာယ်ကင်းစွာဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ရေကြောင်းသွားသင်္ဘောများ အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရောဝတီတံတား (သရက် - အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိပြီး ရောဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံခရိုင် အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်ခရိုင် သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားကြီး၏ အရှည်မှာ ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် တစ်မီတာစီပါရှိပြီး တံတားအောက်ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀ နှင့် အမြင့် ၁၆ မီတာဖြစ်သည်။ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတားအမျိုးအစားဖြစ်ကာ တံတား၏ခံနိုင်ဝန်မှာ AASHTO HS-25 Loading ဖြစ်သည်။ ယခုအခါ တံတားကြီး တစ်စင်းလုံးပြီးစီးမှုမှာ ၅၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ရန်ကုန် - ပြည် - မကွေး - မန္တလေး လမ်းပိုင်းအား B.O.T စနစ်ဖြင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် မိုင်တိုင်အမှတ် (၁၅၇/၃)နှင့် (၁၅၇/၅) အကြား မျက်ကွယ်ကွေ့နေရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဖြောင့်ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးများသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန်နှင့် လမ်းနယ်များအား စနစ်တကျသတ်မှတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရုံးတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရှိ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**သတင်းစဉ်**

# ပင်လယ်ငါးဖမ်းဆီး ထုတ်လုပ်မှုလျှော့ချရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး အားပေးကူညီလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ကောင်းမွန်သော အဏ္ဏဝါသမုဒ္ဒရာပတ်ဝန်းကျင်ဖြစ်စေရေးနှင့် ရေရှည်တည်တံ့သော ရေသယံဇာတလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတ်မှတ်ထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့ ကြို့ကုန်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ထိရောက်သော ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ချမှတ်၍ ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာ နေရာများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငါးသယံဇာတများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ပင်လယ်ငါးဖမ်းဆီး ထုတ်လုပ်မှုလျှော့ချရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး အားပေးကူညီလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများအသင်း၊ ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ဆောင်ရွက်ဆဲလုပ်ငန်းခွင် အတွေ့အကြုံများ၊ ရှေ့အလားအလာများနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး ဌာနဆိုင်ရာအပိုင်းနှင့် ပုဂ္ဂလိက အပိုင်းများက ဆောင်ရွက်ရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း၏ ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးခြင်း၊ အဆိပ်သတ္တုများ စစ်ဆေးခြင်း၊ မှိုအဆိပ်များ စစ်ဆေးဆောင်ရွက်နေမှုနှင့် သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစုက သီးထိုးယင် ကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဓာတ်ခွဲခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

အလားတူ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ၏ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျွဲနွားကူးစက်ရောဂါကာကွယ်ဆေး ငါးမျိုး၊ ဝက်ရောဂါကာကွယ်ဆေး နှစ်မျိုး၊ ကြက်ရောဂါ ကာကွယ်ဆေး တစ်မျိုးနှင့် ဆင်ရောဂါကာကွယ်ဆေး တစ်မျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်ခွဲခန်း အရည်အသွေးမြှင့်တင်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အမေရိကန်ရဲ့ ရပ်တည်ချက် ဘယ်မှာလဲ

ဇင်ငြိမ်း

**ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာနိုင်ငံမှာ လူမျိုးတုံးသတ်ဖြတ်မှု ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အမေရိကန်ရဲ့ သတင်းထုတ်ပြန်ချက်မှာဆိုရင် ဘင်္ဂါလီတွေကို မြန်မာစစ်တပ်က ရက်စက်ကြမ်းကြုတ်တဲ့ စစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစစ်ဆင်ရေးကြောင့် ဘင်္ဂါလီ ခုနစ်သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကို ထွက်ပြေးခဲ့ရကြောင်း၊ မြန်မာစစ်တပ်ရဲ့လုပ်ရပ်ဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုဖြစ်တယ်လို့ စွပ်စွဲထားပါတယ်။ ဒါ့အပြင် လက်ရှိနိုင်ငံရေးပဋိပက္ခနဲ့ပတ်သက်လို့လည်း ထည့်သွင်းထုတ်ပြန်ထားပါတယ်။**

အမေရိကန်က မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုတွေ ဘာကြောင့်လုပ်နေရလဲ၊ အမေရိကန်က ဘာရည်ရွယ်ချက်အတွက် ဘင်္ဂါလီကိစ္စကို ဒီလောက်အထိ ပါဝင်ပတ်သက်နေရတာလဲ၊ အမေရိကန်က တကယ့်ကို လူသားချင်းစာနာထောက်ထားမှု လိုလားလို့လား၊ မြန်မာပြည်သူတွေ အကျိုးအတွက်လားဆိုတာ စိတ်ဝင်စားဖို့ အလွန်ကောင်းပါတယ်။ ဒီအချက်တွေကို ဆန်းစစ်ကြည့်ရင် အမေရိကန်နိုင်ငံ ဘာလဲ၊ ဘယ်လဲဆိုတဲ့ အမေရိကန်ရဲ့ ရုပ်လုံးအသွင်သဏ္ဍာန်နဲ့ ဦးတည်ရာကို ပုံဖော်နိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်ဟာ ဒီလိုရုပ်လုံးအသွင်သဏ္ဍာန်နဲ့ မြန်မာ့အရေးတစ်ခုထဲမှာပဲ စွက်ဖက်နေတာတော့ မဟုတ်ပါဘူး။ ကမ္ဘာပတ်ပြီး ဝင်ရောက်စွက်ဖက်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် သူ့ရဲ့ မဟာပြိုင်ဘက်တွေဖြစ်တဲ့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ နိုင်ငံတွေ၊ ရုရှားနဲ့တရုတ်အတွက် စီးပွားရေး၊ စစ်ရေးအရ မဟာဗျူဟာကျတဲ့နိုင်ငံတွေ၊ စွမ်းအင်အချက်အချာကျတဲ့နိုင်ငံတွေကို ပစ်မှတ်ထားပြီး လုပ်ဆောင်နေတာ တွေ့နိုင်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံရဲ့ လက်သုံးစကားက ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ ဒီစကားတွေရဲ့ နောက်ကွယ်က ဦးတည်ချက်ကတော့ အမေရိကန်နိုင်ငံရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးနဲ့ ကိုယ်ကျိုးစီးပွားမြှင့်တင်ရေးသာ ဖြစ်ပါတယ်။

### လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှု

ဒါကြောင့်လည်း နိုင်ငံတကာမှာ အမေရိကန်ရဲ့ဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်တွေကို ပြစ်တင်ရှုတ်ချနေကြတာ တွေ့နိုင်ပါတယ်။ အမေရိကန်နိုင်ငံဟာ ကမ္ဘာမှာဒီမိုကရေစီ အထွန်းကားဆုံးနိုင်ငံဖြစ်ပေမယ့် ကိုယ်ကျိုးစီးပွားနဲ့ပတ်သက်လာရင် ဒီမိုကရေစီစနစ်ဆိုတာ အမေရိကန်နိုင်ငံရဲ့ လက်ကိုင်တုတ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီလိုပဲ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာတွေဟာ အမေရိကန်က အကြောင်းပြချက်အဖြစ် အသုံးပြုလေ့ရှိတဲ့ ခေါင်းစဉ်တွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ဘင်္ဂါလီအရေးမှာ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ အကြောင်းပြချက်ကိုသုံးပြီး မြန်မာ့နိုင်ငံရေးပဋိပက္ခမှာတော့ ဒီမိုကရေစီနဲ့ အကြမ်းဖက်မှုဆိုတာကို သုံးနေတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံက ဘင်္ဂါလီအရေးမှာ အမေရိကန်စွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုတာကို အမေရိကန်ကိုယ်တိုင်ရဲ့ ကမ္ဘာတစ်ဝန်း သတ်ဖြတ်မှုတွေနဲ့ယှဉ်လိုက်ရင် အမေရိကန်ရဲ့သတ်ဖြတ်မှုတွေက လူမျိုးတုံးသတ်ဖြတ်မှု ပိုမြောက်ပါတယ်။ အမေရိကန်ရဲ့ သတ်ဖြတ်မှုဖြစ်စဉ်အချို့ကို ထုတ်ပြပါ့မယ်။ ၂၀၀၃ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ အမေရိကန် ကျူးကျော်တိုက်ခိုက်ခဲ့တဲ့ အီရတ်နိုင်ငံအတွင်းမှာ စစ်ပွဲတွေနဲ့ ပဋိပက္ခတွေကြောင့် အရပ်သားသေဆုံးသူ ၂၀၉၀၀၀ နဲ့ အိုးအိမ်စွန့်ခွာထွက်ပြေးရတဲ့ ဒုက္ခသည်ပေါင်း ၉ ဒသမ ၂ သန်းရှိခဲ့ပါတယ်။ ဗီယက်နမ်စစ်ပွဲမှာဆိုရင် ဗီယက်ကောင်းနဲ့ မြောက်ဗီယက်နမ် ၁ ဒသမ ၁ သန်း သေဆုံးခဲ့ပြီး တောင်ဗီယက်နမ်စစ်သား ၂၅၀၀၀၀ သေဆုံးခဲ့ရပါတယ်။ နှစ်ဖက်စလုံးမှ အရပ်သားပြည်သူ နှစ်သန်းကျော် သေဆုံးခဲ့ရပြီး အမေရိကန်စစ်သား ၅၈၀၀၀ သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အရပ်ရပ်မှာ အမေရိကန်ပါဝင်တိုက်ခိုက်ခဲ့တဲ့ စစ်ပွဲတွေထဲမှာ ကိုရီးယားစစ်ပွဲ (၁၉၅၀ – ၁၉၅၃)၊ ဗီယက်နမ်စစ်ပွဲ (၁၉၅၅ – ၁၉၆၄၊ ၁၉၆၅ – ၁၉၇၄၊ ၁၉၇၅ – ၁၉၇၆)၊ လက်ဘနွန်ပဋိပက္ခ (၁၉၅၈)၊ ဒိုမီနီကန် ပြည်တွင်းစစ် (၁၉၆၅ – ၁၉၆၆)၊ ဂရန်နာဒါကျူးကျော်မှု (၁၉၈၃)၊ ပနားမားကျူးကျော်ခြင်း (၁၉၈၉ – ၁၉၉၀)၊ ပင်လယ်ကွေ့စစ်ပွဲ (၁၉၉၀ – ၁၉၉၁)၊ အီရတ်မပျံသန်းရဇုန် (၁၉၉၁ –၂၀၀၃)၊ ဆိုမာလီယာပြည်တွင်းစစ် ဝင်ရောက်စွက်ဖက်ခြင်း (၁၉၉၂ –၁၉၉၅၊ ၂၀၀၇ မှ ယနေ့ထိ)၊ ဘော့စနီးယားစစ်ပွဲ (၁၉၉၂–၁၉၉၅)၊ ဟေတီဝင်ရောက်စွက်ဖက်ခြင်း (၁၉၉၄ – ၁၉၉၅)၊ အာဖဂန်နစ္စတန်စစ်ပွဲ (၂၀၀၁ – ၂၀၂၁)၊ အီရတ်စစ်ပွဲ (၂၀၀၃ – ၂၀၁၁)၊ လစ်ဗျားသို့ နိုင်ငံတကာတပ်ဖွဲ့ ဝင်ရောက်ခြင်း (၂၀၁၁)၊ ဆီးရီးယားသို့ အမေရိကန်ဦးဆောင်ဝင်ရောက်ခြင်း (၂၀၁၄) ဖြစ်ပါတယ်။ ဒီစစ်ပွဲတွေက အမေရိကန်ကကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်မှုတွေဖြစ်ပါတယ်။

ဒီကနေ့ဖြစ်နေတဲ့ ယူကရိန်းလိုစစ်ပွဲမှာ နောက်ကွယ်ကနေ ထောက်ပံ့ပေးပြီး ယူကရိန်းပြည်သူတွေ သေဆုံးအောင်နဲ့ စစ်ဘေးဒဏ်သင့်အောင် လုပ်နေတာတွေ မပါသေးပါဘူး။ အမေရိကန်ရဲ့ ဒီလိုတိုက်ခိုက်မှုတွေ၊ စွက်ဖက်မှုတွေကြောင့် သေဆုံးရသူတွေနဲ့ စစ်ဘေးဒုက္ခသည်တွေ ဘယ်လောက်များမလဲဆိုတာ မှန်းဆဖို့တောင်ခက်ပါတယ်။ အဲဒီလို ကမ္ဘာတစ်ဝန်း လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာနဲ့လုပ်နေတဲ့ အမေရိကန်က မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်တယ်လို့ စွပ်စွဲနေတာဟာ မြန်မာစကားပုံလိုဆို “သူခိုးက လူဟစ်”နေတာပါပဲ။ တကယ်တော့ လူသားမျိုးနွယ်တွေအပေါ် သတ်ဖြတ်မှုအတွက် တစ်ကမ္ဘာလုံးက အမေရိကန်ကို စွပ်စွဲအရေးယူရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ဘင်္ဂါလီအရေးရဲ့ ဇာစ်မြစ်ကိုကြည့်ရင်လည်း ဘယ်သူကစတင်ခဲ့တယ်ဆိုတာ ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းရေးကော်မရှင်အစီရင်ခံစာ (၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက်) မှာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘင်္ဂါလီအရေးကိစ္စဟာ အရင်ကလည်းဖြစ်ပွားခဲ့ဖူးပါတယ်။ ပြည်တွင်းရေးအဖြစ်နဲ့သာရှိခဲ့ပါတယ်။ နောက်ဆုံးအကြိမ်ဖြစ်ပွားတဲ့ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့ဖြစ်တဲ့ ဖြစ်စဉ်အစကို ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ ရခိုင်တိုင်းရင်းသူတစ်ဦးကို ဘင်္ဂါလီလူငယ် သုံးဦးက ရက်ရက်စက်စက် မုဒိမ်းကျင့်၊ သတ်ဖြတ်ပြီး ပစ္စည်းတွေကို လုယက်ခဲ့တာက စခဲ့တာဖြစ်ပါတယ်။ ဘင်္ဂါလီတွေ စတင်ခဲ့တဲ့ ဖြစ်စဉ်အစပါ။ အဲဒီဖြစ်စဉ်ဟာ ရခိုင်တိုင်းရင်းသားတွေနဲ့ ဘင်္ဂါလီအသိုက်အဝန်းအကြား အမျက်ဒေါသဖြစ်စေခဲ့ပါတယ်။ အဲဒီကတစ်ဆင့် အပြန်အလှန်လက်စားချေမှုတွေ လုပ်ခဲ့ကြလို့ သေဆုံးမှုတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့မှာတော့ မောင်တောတစ်ဝိုက်နဲ့ တောင်ပိုင်းဒေသတွေမှာ ဘင်္ဂါလီတွေက ရခိုင်တိုင်းရင်းသားရွာတွေကို အကြမ်းဖက်တိုက်ခိုက်မီးရှို့မှုတွေ လုပ်ခဲ့ကြပါတယ်။

### မြန်မာနိုင်ငံမှာ လူမျိုးရေး၊ နိုင်ငံရေး အကျပ်အတည်းတွေဖြစ်

ဆက်တိုက်ဆိုသလို ဘင်္ဂါလီတွေက ရခိုင်ရွာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေကို မီးရှို့ဖျက်ဆီးတာ၊ ရခိုင်တိုင်းရင်းသားတွေကို သတ်ဖြတ်တာတွေကို တစ်ရက်တည်း၊ တစ်ချိန်တည်း နေရာအနှံ့မှာ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်ရဲ့ နောက်ကွယ်မှာ ကြိုးကိုင်ထိန်းချုပ်နေသူတွေရှိနေတယ်လို့ ကော်မရှင်ကသုံးသပ်ခဲ့တာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်းက စစ်တွေမြို့အပါအဝင် အခြားမြို့တွေမှာလည်း ဘင်္ဂါလီတွေက ဆက်ပြီးအကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်လာခဲ့လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ထိန်းသိမ်းခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းမှာလည်း ထပ်မံဖြစ်ပွားခဲ့လို့ သေကျေပျက်စီးဆုံးရှုံးမှုတွေများစွာ ဖြစ်ခဲ့ပါတယ်။ အဲဒီရခိုင်ဒေသဖြစ်စဉ်ဟာ နောက်ကွယ်က ကြိုးကိုင်သူတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့လို့ ကြီးမားကျယ်ပြန့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန်၊ OIC နဲ့ ကုလသမဂ္ဂတို့ဟာ ဖြစ်စဉ်ဖြစ်ခဲ့ရတဲ့ အရင်းခံအကြောင်းတရား၊ ပြဿနာဖန်တီးသူနဲ့ နောက်ကွယ်ကကြိုးကိုင်အမိန့်ပေးနေသူတွေကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ခဲ့ကြပါတယ်။ သူတို့ကိုယ်တိုင်က တစ်ဖက်တည်းကို အားပေးအားမြှောက်လုပ်ပြီး မြန်မာနိုင်ငံမှာ လူမျိုးရေး၊ နိုင်ငံရေး အကျပ်အတည်းတွေဖြစ်အောင် တမင်တကာ ဖန်တီးနေကြတာပဲဖြစ်ပါတယ်။ ရခိုင်ဖြစ်စဉ်မှာ အမေရိကန်ကလည်း သူ့ရည်ရွယ်ချက်နဲ့သူ၊ OIC ကလည်း သူ့ရည်ရွယ်ချက်နဲ့သူ ကုလသမဂ္ဂကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံအပေါ်ဖိအားပေးဖို့ ကြိုးစားနေကြတာ တွေ့ရပါတယ်။ တကယ်လို့ အမေရိကန်နိုင်ငံထဲ တရားမဝင်ခိုးဝင်ရောက်ရှိနေသူတွေက အခုလို အမေရိကန်ပြည်သူတွေကို အကြမ်းဖက်တိုက်ခိုက်လာမယ်ဆိုရင် အမေရိကန်ဘယ်လိုတုံ့ပြန်မလဲ မေးစရာရှိလာပါတယ်။ အဖြေကတော့ ၉/၁၁ ဖြစ်စဉ်ကိုပဲ ကြည့်ပါ။

မြန်မာနိုင်ငံထဲရှိနေတဲ့ ဘင်္ဂါလီဆိုတာ တရားမဝင် ခိုးဝင်ရောက်ရှိလာတဲ့သူတွေဖြစ်ပါတယ်။ ဘယ်နိုင်ငံမှာမဆို ကိုယ့်နိုင်ငံထဲ ခိုးဝင်ရောက်ရှိလာတဲ့သူမှန်သမျှကို လက်မခံကြပါဘူး။ လူသားချင်းစာနာထောက်ထားမှုလို့ အသံကောင်းဟစ်နေတဲ့ အမေရိကန်နိုင်ငံလည်း တရားမဝင်ခိုးဝင်လာတဲ့သူတွေကို သူ့နိုင်ငံမှာလက်မခံပါဘူး။ အမေရိကန်နိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာ လိုချင်တစ်မျိုး မလိုချင်တစ်မျိုး ဖြစ်ပါတယ်။ ဗဟိုအမေရိကကနေ ရွှေ့ပြောင်းနေထိုင်သူတွေကို အမေရိကန်နိုင်ငံအနေနဲ့ လက်တွေ့ကျကျ ဖြေရှင်းနိုင်ခဲ့သလား။ လူသားချင်းစာနာထောက်ထားစွာ လက်ခံပေးခဲ့သလား။ တရားမဝင် ခိုးဝင်လာသူတွေကို ကြည်ဖြူကျေနပ်စွာ လက်ခံပေးခဲ့သလား။ တရားမဝင်ခိုးဝင်လာသူတွေကို လူသားချင်းစာနာထောက်ထားစွာနဲ့ အမေရိကန်အနေနဲ့ လက်ခံသင့်ပါတယ်။ လက်ခံမပေးဘူးဆိုရင် အမေရိကန်နိုင်ငံဟာ လူ့အခွင့်အရေးကို မလေးစားမလိုက်နာတဲ့ နိုင်ငံ၊ လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့တဲ့နိုင်ငံပဲ ဖြစ်ပါလိမ့်မယ်။

### ရွှေ့ပြောင်းနေထိုင်သူကိစ္စ ရေသောက်မြစ်ကနေဖြေရှင်းမယ်

တရားမဝင်ခိုးဝင်လာသူတွေအရေးကို အမေရိကန်နိုင်ငံက မဖြေရှင်းပေးနိုင်လို့ မက္ကဆီကိုနိုင်ငံ လက်တင်အမေရိကတိုက် လူမှုသိပ္ပံအကယ်ဒမီ ရွှေ့ပြောင်းနေထိုင်သူရေးရာ ပညာရှင် Rodolfo Casillas က အမေရိကန်အစိုးရဟာ ရွှေ့ပြောင်းနေထိုင်သူအရေးထက် အခြားကိစ္စတွေကို ပိုပြီးအလေးပေးကြောင်း၊ ကတိကဝတ်တွေက မိုးခြိမ်းသံလိုကျယ်ပြီး မိုးကတော့ မဆိုစလောက်ပဲရွာသလို ဖြစ်နေကြောင်း ပြောကြားခဲ့ပါတယ်။ အယ်လ်ဆာဗေးဒိုးနိုင်ငံ ရွှေ့ပြောင်းနေထိုင်သူရေးရာပညာရှင် Cesar Rios ကလည်း အမေရိကန်နိုင်ငံဟာ ရွှေ့ပြောင်းနေထိုင်သူများပြားလာတာနဲ့ပတ်သက်လို့ ဦးတည်ချက်ရှိတဲ့ မူဝါဒတွေ မရေးဆွဲနိုင်သလို ယင်းအပေါ် စီမံထိန်းချုပ်နိုင်စွမ်းလည်း အခြေခံအားဖြင့် မရှိကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူကိစ္စ ရေသောက်မြစ်ကနေ ဖြေရှင်းမယ်လို့ အမေရိကန်က အမြဲကြေညာပြောကြားခဲ့ပေမယ့် ဒီကနေ့အထိ အယ်လ်ဆာဗေးဒိုးတို့လို **စာမျက်နှာ ၇ သို့** ❐

> **အမေရိကန်နိုင်ငံကတော့ သူတို့လိုလားချက်ရဖို့ဆိုရင် ဘာမဆိုလုပ်တယ်ဆိုတဲ့ ခိုင်မာတဲ့ အထောက်အထားရှိပါတယ်။ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းလို့ သတ်မှတ်ထားတဲ့ အယ်ခိုင်ဒါအဖွဲ့ကို ဘယ်သူပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့တာလဲဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ဒီမိုကရေစီတွေ၊ လူသားချင်းစာနာထောက်ထားမှုတွေ တစာစာအော်နေတဲ့ အမေရိကန်နိုင်ငံကိုယ်တိုင်ပါပဲ။ အဲဒီတော့ ကမ္ဘာ့အဆင့် အကြမ်းဖက်အဖွဲ့ကိုတောင် မြေတောင်မြှောက်ပေးခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ရုပ်လုံးအသွင်သဏ္ဍာန်က ဘာလဲဆိုတာ အထင်းသားမြင်တွေ့ရပါတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာ ငါ့နိုင်ငံနဲ့ငါ့နိုင်ငံသားတွေအတွက်ပဲလို့ အမေရိကန်နိုင်ငံက သတ်မှတ်ထားပုံရပါတယ်။ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ၊ လူသားတွေရဲ့ အခွင့်အရေးနဲ့ယှဉ်လာရင်တော့ အမေရိကန်ရဲ့ကိုယ်ကျိုးစီးပွားသာ ပဓာနဖြစ်**

စာမျက်နှာ ၇ သို့

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၈**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး တို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆို**

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍လည်းကောင်း လေဆိပ်၌ ကြိုဆိုကြသည်။

သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ်တွေ့ဆုံဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် မေ ၂၀ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။ ယခု ဒုတိယအကြိမ် လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မည်သည့် အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂) တံတားသို့ ရောက်ရှိလာရာ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေး အဖွဲ့အစည်းများနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားထောက်ခံကြသည့် ဒေသခံတိုင်းရင်းသားများက **"ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်၊ ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်"** စသည့်စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်ကာ တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးမှ လေယာဉ်ကွင်းလမ်းအထိ လှိုက်လှိုက်လှဲလှဲဖြင့်ထောက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့မှ ဗိုလ်ချုပ်ကြီး ယွက်စစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၉၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၉၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❐ **စာမျက်နှာ ၆ မှ**

ဗဟိုအမေရိကတိုက်နိုင်ငံတွေမှာ အမေရိကန်ရဲ့ တိကျတဲ့လုပ်ဆောင်မှုတွေမရှိသေးကြောင်း၊ နိုင်ငံရေးဝါဒဖြန့်ရုံဖြင့် ရွှေ့ပြောင်းနေထိုင်သူအရေး ဖြေရှင်းဖို့ရာမဖြစ်နိုင်ကြောင်း ပြောကြားခဲ့တာကိုကြည့်ရင် အမေရိကန်နိုင်ငံဟာ အပြောတစ်မျိုး အလုပ်တစ်မျိုးဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီတော့ အမေရိကန်နိုင်ငံဟာ ဒီမိုကရေစီအရေးတွေ၊ လူသားချင်းစာနာထောက်ထားမှုတွေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွေ၊ လူမျိုးတုံးသတ်ဖြတ်မှုတွေဆိုတာ အခြားနိုင်ငံတွေကို တိုက်ခိုက်ဖို့၊ ကျူးကျော်ဖို့နဲ့ ဝင်ရောက်စွက်ဖက်ဖို့အတွက် အကြောင်းပြချက်ပေးတဲ့ လက်ကိုင်ဆောင်ပုဒ်တွေသာဖြစ်ပြီး သူကိုယ်တိုင်ကတော့ အဲဒီဆောင်ပုဒ်တွေကို ပြောင်ပြောင်တင်းတင်းရော၊ နောက်ကွယ်ကနေရော ဖောက်ဖျက်နေတာကို သူ့ရဲ့လုပ်ရပ်တွေကိုကြည့်ရင် တွေ့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံက ဘင်္ဂါလီအရေးမှာလည်း အမေရိကန်က သူ့ရဲ့မရိုးနိုင်တဲ့လက်သုံးနည်းလမ်းတစ်ခုအတိုင်း လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံက ဘင်္ဂါလီအရေးကို အမေရိကန်နဲ့ OIC တို့ အလိုကျဖြစ်ဖို့ဆိုရင် သူတို့ဩဇာခံတဲ့အစိုးရတစ်ရပ် အာဏာရရှိမှ သူတို့ရည်ရွယ်ချက်တွေ အောင်မြင်မှာမို့လို့ အဘက်ဘက်ကဖိအားပေးပြီး ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ အမေရိကန်ရဲ့စနက်ကြောင့် စတေးကြရတာက အပြစ်မဲ့ပြည်သူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီနိုင်ငံကြီး၊ လူ့အခွင့်အရေးနိုင်ငံကြီး အမေရိကန်ကတော့ ဘယ်သူသေသေ ငတေမာ ပြီးရောပါ။ ဒါကြောင့်လည်း အမေရိကန်ရဲ့ သွေးထိုးမှု၊ ကြိုးကိုင်မှုနဲ့ ဝင်ရောက်တိုက်ခိုက်မှုတွေကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးခဲ့ရတာ ကမ္ဘာနဲ့အဝှမ်းပါပဲ။

အမေရိကန်နိုင်ငံကတော့ သူတို့လိုလားချက်ရဖို့ဆိုရင် ဘာမဆိုလုပ်တယ်ဆိုတဲ့ ခိုင်မာတဲ့ အထောက်အထားရှိပါတယ်။ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းလို့သတ်မှတ်ထားတဲ့ အယ်ခိုင်ဒါအဖွဲ့ကို ဘယ်သူပြုစုပျိုးထောင်မြေတောင်မြှောက်ပေးခဲ့တာလဲဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ဒီမိုကရေစီတွေ၊ လူသားချင်းစာနာ ထောက်ထားမှုတွေ တစာစာအော်နေတဲ့ အမေရိကန်နိုင်ငံကိုယ်တိုင်ပါပဲ။ အဲဒီတော့ ကမ္ဘာ့အဆင့် အကြမ်းဖက်အဖွဲ့ကိုတောင် မြေတောင်မြှောက်ပေးခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ရုပ်လုံးအသွင်သဏ္ဍာန်က ဘာလဲဆိုတာ အထင်းသားမြင်တွေ့ရပါတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာ ငါ့နိုင်ငံနဲ့ငါ့နိုင်ငံသားတွေအတွက်ပဲလို့ အမေရိကန်နိုင်ငံက သတ်မှတ်ထားပုံရပါတယ်။ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ၊ လူသားတွေရဲ့ အခွင့်အရေးနဲ့ယှဉ်လာရင်တော့ အမေရိကန်ရဲ့ကိုယ်ကျိုးစီးပွားသာ ပဓာနဖြစ်ပါတယ်။

## ပြည်တွင်းရေးအဖြစ်ကနေ နိုင်ငံတကာအရေးဖြစ်အောင် ဖန်တီး

အဲဒီလို ကိုယ်ကျိုးစီးပွားကိုသာ ဦးထိပ်ထားတဲ့ အမေရိကန်နိုင်ငံကတော့ အခြားနိုင်ငံတွေနဲ့ ပြည်သူတွေကို ခုတုံးလုပ်ဖို့ဝန်လေးနေမှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဘင်္ဂါလီအရေးကိစ္စကို ပြည်တွင်းရေးအဖြစ်ကနေ နိုင်ငံတကာအရေးဖြစ်အောင် ဖန်တီးခဲ့တာရဲ့ နောက်ကွယ်မှာ အမေရိကန်နိုင်ငံလည်း ပါဝင်ပါတယ်။ ရခိုင်ပဋိပက္ခအရေးကို နိုင်ငံတကာအရေးဖြစ်အောင် ကိုဖီအာနန်ဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခဲ့ပြီး သူတို့အလိုကျ လမ်းခင်းပေးခဲ့လို့ ပဋိပက္ခဟာ ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။

အခုဆို အမေရိကန်နိုင်ငံရဲ့ စွက်ဖက်မှုဟာ ဘင်္ဂါလီကိစ္စအပြင် နိုင်ငံရေးအကျပ်အတည်းမှာလည်း စွက်ဖက်နေပါတယ်။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းမှာ ကုလသမဂ္ဂကတစ်ဆင့်၊ အာဆီယံအဖွဲ့ကတစ်ဆင့် ဖိအားပေး၊ အတိုက်အခံတွေကို ထောက်ပံ့ကူညီနေတာတွေ လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်အလိုကျ ဩဇာခံအစိုးရ အာဏာရရှိဖို့ အမျိုးမျိုးလုပ်နေမယ့်သဘောပါပဲ။

ဒီလို ကမ္ဘာတစ်ဝန်းဖြစ်စဉ်တွေ ချပြီးပြောနေတာဟာ အမေရိကန်မုန်းတီးရေး မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံရဲ့ မင်းသားမျက်နှာဖုံးကို ဖယ်ခွာပြီး တကယ့်ရုပ်လုံးအသွင်သဏ္ဍာန်ကို သိနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကြီးရဲ့ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနဲ့ လူသားမျိုးနွယ်အနာဂတ်အပေါ် ခြိမ်းခြောက်မှုအရှိဆုံးနိုင်ငံကို ပြပါဆိုရင် အမေရိကန်နိုင်ငံက ထိပ်ဆုံးက ဖြစ်ပါလိမ့်မယ်။ အဲဒီနေရာက အမေရိကန်နိုင်ငံရဲ့ ရုပ်တည်ချက်အမှန်ပဲ ဖြစ်ပါတယ်။ ။

**ရည်ညွှန်းကိုးကား**

၁။ **ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်ရဲ့အစီရင်ခံစာ (၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်)**

၂။ **https://xinhuamyanmar.com/mm-cn/%E1%80%9C%E1%80%80%E1%80%BA%E1%80%90%E1%80%84%E1%80%BA%E1%80%A1%E1%80%99%E1%80%B1%E1%80%9B%E1%80%AD%E1%80%80-%E1%80%9B%E1%80%BD%E1%80%BE%E1%80%B1%E1%80%B7%E1%80%95%E1%80%BC%E1%80%B1%E1%80%AC%E1%80%84/**

၃။ **https://news-eleven.com/article/215467**

၄။ **https://news-eleven.com/article/215178**

■

# အနုပညာသည် သိမ်မွေ့နက်နဲသည့် အဓိပ္ပာယ်ဆောင်သလို လူတို့၏စိတ်စေတနာကို လှုံ့ဆော်နှိုးဆွရာတွင် အစွမ်းထက်



မကွေး ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဆို၊ အက၊ အရေး၊ အတီးဆိုသည့် အနုပညာသည့် သိမ်မွေ့နက်နဲသည့် အဓိပ္ပာယ်ဆောင်သလို လူတို့၏ စိတ်စေတနာကို လှုံ့ဆော်နှိုးဆွရာတွင် အစွမ်းထက်ကြောင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုစာပေ၊ အနုပညာများရှိကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာခေတ်တွင် မိမိတို့ ရိုးရာယဉ်ကျေးမှုများကို တိုးဝင်ပွတ်တိုက်သွားသည်ကို မလွဲမသွေခံစားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မိမိတို့ ရိုးရာယဉ်ကျေးမှုများအား ဖော်ထုတ်ထိန်းသိမ်းနိုင်သကဲ့သို့ မျိုးဆက်သစ်လူငယ်များကိုလည်း လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် အနုပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများနှင့် ဝါသနာရှင်များမှ အဆင်မြင့်ပညာအဆင့် အမျိုးသမီးတစ်ဦးချင်းအကများဖြင့် ယှဉ်ပြိုင်ခြင်း၊ အခြေခံပညာအဆင့် သက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အမျိုးသမီးတစ်ဦးချင်း အကယှဉ်ပြိုင်ခြင်းနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသားတစ်ဦးချင်း အကတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမရှိ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အရေး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေကွက်မြေလွတ်မကျန် စိုက်ပျိုးမွေးမြူစေရေး တာဝန်ရှိသူများအားမှာကြား



ရန်ကုန် ဩဂုတ် ၂၈

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးလက်လမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် ဆပ်သွားတောညောင်နှစ်ပင်လမ်းရှိ ဂျိုးဖြူပိုက်လုံးခုံးကျော်တံတားအား နှစ်လမ်းသွားအဖြစ်ဆောင်ရွက်နေမှုနှင့် မြေထိန်းနံရံတည်ဆောက်နေမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ညောင်နှစ်ပင် အထူးဇုန် ဟင်းသီးဟင်းရွက် လက်ကားဈေး တည်ဆောက်မည့် လျာထားသည့် မြေနေရာနှင့် ၎င်းမြေနေရာတွင် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်နှစ်ပင် အထူးဇုန် (၂) ခန်းမဆောင်တွင် ဇုန် (၁)၊ ဇုန် (၂)၊ ဇုန် (၃) တို့မှ ဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်နေသည့် မြေကွက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးရောနှောဆောင်ရွက်နေသည့် မြေကွက်များ၊ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် မြေကွက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇုန်အတွင်း လိုအပ်သည့် လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စိုက်ပျိုးမြေများကို အလွတ်မထားဘဲ စိုက်ပျိုးမွေးမြူစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လုပ်ကိုင်ခွင့် ရရှိထားသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာဇုန်ကော်မတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်း၍ ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇုန်အတွင်းရှိ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ မြေကွက်အလွတ်များကို ဝင်ငွေရရှိအောင် ငှားရမ်းချထားပေးရန်နှင့် နေကြာပင်များ စိုက်ပျိုးရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခရိုင်ချင်းဆက် အမှတ်(၁)လမ်းမှ ညောင်နှစ်ပင် ညီလာခံသို့ အရှည်ပေ ၁၂၀၀ မြေသားတာဘောင်အကျယ် ၄၈ ပေ၊ ကွန်ကရစ်လမ်းအကျယ် ၂၂ ပေ၊ လမ်းအူကြောင်းအသစ် ဖောက်လုပ်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝါးနက် ဆင်စီးအပန်းဖြေစခန်းတွင် တောင်ပေါ်မှ သဘာဝရှုခင်းအလှများ ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

မန္တလေး ဩဂုတ် ၂၈

မန္တလေးတိုင်း ဒေသကြီးအတွင်း လာမည့် ခရီးသွားရာသီကာလတွင် ခရီးသွားဝင်ရောက်မှု ဖွံ့ဖြိုးလာပါက မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာ ရေလှောင်တမံသွားကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ဝါးနက် ဆင်စီးအပန်းဖြေစခန်းတွင် တောင်ပေါ်မှ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဝါးနက်ဆင်စခန်း ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတိုးအောင်က ပြောကြားသည်။



**အပေါ်စီးမှ ကြည့်ရှုခံစား**

ခရီးသွားရာသီကာလ ရောက်ရှိတော့မည်ဖြစ်၍ ဝါးနက် ဆင်စီးအပန်းဖြေစခန်းသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်ကာ ဆင်စီးပြီး သဘာဝတောတောင်ရှုခင်းအလှများကို ကြည့်ရှုခံစား အပန်းဖြေနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားများအတွက်ဆောင်ရွက်ပေးရာတွင် တောင်ပေါ်သို့ရောက်ရှိသည်နှင့် လေကောင်းလေသန့်များကို ရရှိခံစားရခြင်း၊ တောင်တက်အတွေ့အကြုံရရှိစေခြင်း ဒုဋ္ဌဝတီမြစ်ကို အစမှအဆုံး မျက်စိတစ်ဆုံးကြည့်ရှုခံစားနိုင်ခြင်း၊ ရွှေစာရံဘုရားနှင့် တံတားကို ဖူးမြော်မြင်တွေ့ရမည့်အပြင် မန္တလေးမြို့၏ သာယာလှပသော ရှုခင်းအလှအပများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တောတောင်ရှုခင်းအလှများ**

“ဝါးနက် ဆင်စီးအပန်းဖြေစခန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဧပြီ ၂၇ ရက်ကနေ စတင်ဖွင့်လှစ်ပေးကာ ဝန်ဆောင်မှုများပေးပြီး ဆောင်ရွက်နေပါတယ်။ စနေ၊ တနင်္ဂနွေနေ့တို့မှာ ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်အပန်းဖြေသူ ၂၀ ထိရှိပါတယ်။ လာမယ့် ခရီးသွားရာသီမှာ လက်ရှိထက် သုံးဆလောက်မှန်းထားပါတယ်။ ခရီးသွားပြည်သူတွေ သဘာဝတောတောင်ရှုခင်းအလှများ ကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အေးချမ်းစွာ နားခိုနိုင်ဖို့ အရိပ်ရပင်တွေလည်း စိုက်ထားပါတယ်။ အရိပ်တွေမှာ နားခိုကြတဲ့အတွက် နှစ်ယောက်ထိုင်ခုံလေးတွေ လုပ်ပေးသွားမယ်။ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ပြီး ဆင်စီးကာ သဘာဝ တောတောင်ရှုခင်းအလှများနဲ့ အပန်းဖြေနိုင်စေဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ” ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် ဆင်အမ ငါးကောင် စုစုပေါင်း ရှစ်ကောင်ရှိကြောင်း၊ ဆင်ချစ်သူများက မွေးနေ့အလှူအဖြစ် Online မှနေ၍ ဆင်စာကျွေးမွေးသူများရှိကြောင်း၊ ဆင်အစာအတွက် တစ်ခါကျွေးမွေးပါက ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း၊ ထို့ပြင် ဆင်စာများဝယ်ယူ၍ လာရောက်ပေးကာ ကျွေးမွေးခိုင်းသူများလည်းရှိကြောင်း၊ ဆင်စီးအပန်းဖြေစခန်းတွင် ဆင်စီးပြီး သဘာဝရှုခင်းများကြည့်ရှုလိုသူများအတွက် ဝန်ဆောင်မှုဈေးနှုန်းများအနေဖြင့် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ”**

**ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၉။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား)**

(က) သျှောင်ပေစူး (အကော်ဒီယံအုန်းကျော်)
(ခ) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)
(ဂ) အမေ့အကြောင်း သတင်းကောင်း (တွံတေးသိန်းတန်)
(ဃ) ကောင်းသောပညာ (ကိုဝင်းတင်–မြန်မာ့အသံ)

**၁၀။အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသမီး)**

(က) ဂီတပရိယာယ် (ဒေါ်မေစီ)
(ခ) စိမ်းစိုမြမှိုင်း (ကြည်ကြည်ဌေး)
(ဂ) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (ချိုပြုံး)
(ဃ) မိုးရေစက်ကလေး ဥပမာတင် (ခင်စိုးဝင်း)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**

(က) ဗမာ့သွေး (ဒေါ်ကြည်အောင်)
(ခ) သူဌေးဝါဒ (နန်းတော်ရှေ့ဆရာတင်)
(ဂ) မဟာ (ဇော်ဝင်းထွဋ်)
(ဃ) သုံးရောင်ခြယ် (စိန်ပါတီ/ ထား)
(င) ခေတ်ဆန်းချိန် (ရွှေညာမောင်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**

(က) တပင်ရွှေထီး (ဒေါ်ကြည်အောင်)
(ခ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)
(ဂ) သီတာရတနာ (ဒေါ်ကြည်အောင်)
(ဃ) လှေပွဲ (မောင်ကိုကိုနှင့် အဖွဲ့)
(င) ကောင်းစားတော့မည် (မအေးမိ)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**

(က) မြန်မာပြည်သား (အဖွဲ့)
(ခ) တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အဖွဲ့)
(ဂ) ပြန်လည်ထူထောင်ရေး (ကိုကျော်ဆွေ)
(ဃ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)

**၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**

(က) ပုဂံမြေ (နွဲ့ယဉ်ဝင်း)
(ခ) ထာဝရ အဓိဋ္ဌာန် (မေလှမြိုင်)
(ဂ) ဗိုလ်ရှုသဘင် (မြသက်မူ)
(ဃ) ခွဲ (ပြည်လှဖေ)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“စောင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) တောတောင်စွယ် (ယိုးဒယား)
(ခ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) ဖြူပြာမှူယာ (ပတ်ပျိုး)
(င) ရွှေတညာ (ယိုးဒယား)
(စ) ထောင်ရောင်နေ (သီချင်းခံ)
(ဆ) သောင်းကျေးဒီပါဖွေ (မွန်)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) တောမြိုင်ခြေလှမ်း (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) တေဇဂုဏ် (ဘွဲ့)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ပန်းဟောဝန် (ယိုးဒယား)
(ခ) ဘုန်းမိုးသွန်း (သီချင်းခံ)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ရွှေဘုန်းရွှေဘုန်းတော် (ကြိုး)
(ခ) ယသော်ဓရာ (ယိုးဒယား)
(ဂ) မြရည်နန္ဒာ (ဘွဲ့)

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) နန်းဘုံသီဟာဖွေ (ယိုးဒယား)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ရှုတိုင်းသာစွ (ကြိုး)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“စန္ဒရား” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) တောတောင်စွယ် (ယိုးဒယား)
(ခ) တောမြိုင်စွန် (ယိုးဒယား)
(ဂ) သေနင်္ဂမည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) စိန်ကြယ်ညီးလင်း (မွန်)
(ဆ) တောင်ယံတောလေး (မွန်)
(ဇ) ထောင်ရောင်နေကသာ (သီချင်းခံ)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) စာဆိုခံလလုံး (ကာလပေါ်)(မာမာအေး)
(ဂ) ဒီပါအေးမြ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
(ခ) မိန်ရာသီ (Key– Eb)(ကိုအံ့ကြီး)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ခ) တမာလမ်း (ကာလပေါ်)(ချိုပြုံး) (Key–Eb)
(ဂ) ကန္တာလေတောခြေ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဂန္ဓမာတောင် (ဘွဲ့)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မဲဇာရွှေလီ (မာမာအေး)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“ပတ္တလား” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ခ) ချစ်သမျှကို (ပတ်ပျိုး)
(ဂ) ညာသပြေဘောင် (ကြိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) ဖော်ကွာဝေး (ယိုးဒယား)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) လေပြည်ဆော်သွင်းမြူး (မြင်းတက်ယိုးဒယား)
(ဇ) ညင်းညင်း (မွန်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဆန်းဆန်းသဉ္ဇာကြာညောင် (ယိုးဒယား)
(ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဖြေလျှော့ခွေ (ပတ်ပျိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ဆီးနှင်းပြိုက်ကျ (ကြိုး)
(ဂ) မြန်သပြေဖွဲ့တကျွန်းခြားမြေ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ပြောင်ပြောင်နာဂိန် (ကြိုး)
(ခ) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
(ဂ) လူမနော (ပတ်ပျိုး)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“နှဲ” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) အောင်မြေသာစံ (ပတ်ပျိုး)
(ခ) နှင်းယွန်းဂိမ္ဘာန် (မွန်)
(ဂ) ညင်းညင်း (မွန်)
(ဃ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)
(င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ယမုန်နာ (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) မင်းလမ်းစပ်ကာ (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) မှန်ရဝေ (ပတ်ပျိုး)

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)
(ခ) လာချေပြီ (ကြိုး)
(ဂ) ထွေတလာ (ကြိုး)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**“ပလွေ” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) အောင်မြေသာစံ (ပတ်ပျိုး)
(ခ) နှင်းယွန်းဂိမ္ဘာန် (မွန်)
(ဂ) ညင်းညင်း (မွန်)
(ဃ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)
(င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန်းတောင်လက်ယာ (ယိုးဒယား)
(ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

**၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)
(ခ) လာချေပြီ (ကြိုး)
(ဂ) ထွေတလာ (ကြိုး)

ဆက်လက်ဖော်ပြပါမည်

# လူနဲ့လူ

**သမားအို**

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ ၂၀၁၉ ခုနှစ်အကုန်မှာ စခဲ့တာ။ ၂၀၂၂ ခုနှစ်ကုန်ရင် သုံးနှစ်ပြည့်ပါတော့မယ်။ သမားအိုအနေနဲ့ ကပ်ရောဂါကြားထဲမှာ ရှင်သန်ခွင့်ရခဲ့တဲ့ သုံးနှစ်တာအတွင်းမှာ လေ့လာသုံးသပ်မိသမျှကို စာချစ်သူတို့ထံ ရသမျှသတင်းစကားတွေ ဖြန့်ဝေဖြစ်ခဲ့ပါတယ်။ အဲဒီအထဲက အနှစ်ချုပ်ပြီး သုံးသပ်ကြည့်ရင် ကဏ္ဍလေးရပ်ကို တွေ့မိပါတယ်။ ရောဂါပိုးနဲ့လူ၊ လူနဲ့ရောဂါပိုး၊ ရောဂါပိုးအချင်းချင်း ဆက်နွှယ်မှုအပြင် လူ - လူချင်း ကပ်ရောဂါအတွင်းဖြစ်ပေါ်နေတဲ့ ဆက်ဆံရေးကို သုံးသပ်မိပါတယ်။**

## ပိုးနဲ့လူ

၂၀၁၉ ခုနှစ်အကုန်လောက်မှာ တရုတ်နိုင်ငံ ဝူဟန်မြို့ပေါ်မှာ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင် ရောဂါတွေ စပေါ်လာခဲ့ပါတယ်။ Severe Acute Respiratory Syndrome-SARS ကို ၂၀၀၃ ခုနှစ်က ဟောင်ကောင်မှာ စတွေ့ချိန်ကနဲ့ ဖြစ်ပုံချင်းတူနေပါတယ်။ ရောဂါပိုးကို လေ့လာကြတော့ ကိုရိုနာ ဗိုင်းရပ်စ်ပိုး နောက်ထပ်တစ်မျိုးဖြစ်တဲ့အတွက် ဒုတိယ SARS ဒါမှမဟုတ် SARS-Cov-2 ကို သိပ္ပံနည်းကျ အမည်တပ်ပါတယ်။ အများလက်ခံမှတ်မိအောင်လို့ ကိုဗစ်-၁၉ (Covid-19) ဆိုပြီး အမည်တပ်ခဲ့ရာ တစ်ကမ္ဘာလုံးပျံ့နှံ့တဲ့ ကပ်ရောဂါကြီးအဖြစ်နဲ့ ကမ္ဘာတုန်သွားစေခဲ့ပါတယ်။ ၁၆-၈-၂၀၂၂ ရတဲ့စာရင်းအရ လူပေါင်းသန်းပေါင်းခြောက်ရာလောက် ရောဂါဖြစ်ခဲ့ပြီး ခြောက်သန်းကျော်သေကျေပျက်စီးခဲ့ပါပြီ။ (ဆယ်သန်းကျော်သေခဲ့ပြီလို့ အချို့က ဆိုပါတယ်။)

## လူနဲ့ပိုး

ကိုဗစ်-၁၉ ရယ်လို့ အမည်တပ်ခဲ့တဲ့အချိန်ကစပြီး ယနေ့အထိ ထိန်းလို့မရနိုင်တဲ့ ကပ်ရောဂါပိုးဖြစ်ရတဲ့အကြောင်းရင်းကိုကြည့်ရင် ပိုးကအစွမ်းထက်တာပါသလို လူတွေက ပိုးကိုအားဖြည့်ကူညီပေးနေသလိုဖြစ်နေတာကို တွေ့ရပါတယ်။ ပုံမှန်အားဖြင့် ဗိုင်းရပ်စ်ပိုးဟာ လူ့ကိုယ်ထဲဝင်လာရင် လူမှာရောဂါဖြစ်မယ်။ သေမယ်။ သေရင် လူက ဗိုင်းရပ်စ်နဲ့ အတူတူသေမယ်။ လူမှာ ရောဂါဖြစ်နေချိန် ရောဂါလက္ခဏာတွေ မပေါ်ခင်ကဘဲ တခြားသူတွေဆီ ကူးသွားမယ်။ ဆင့်ပွားကူးစက်ရင်း လူတွေရဲ့ကိုယ်ခံအားကိုမခံနိုင်လို့ ဗိုင်းရပ်စ်ပိုးတွေသေသွားမယ်။ ဒါပေမဲ့ ကိုဗစ်-၁၉ က ပုံမှန်အတိုင်းဖြစ်မလာဘူး။ ဗီဇပြောင်းမျိုးကွဲတွေအမျိုးမျိုးနဲ့ လူတွေကို တစ်ကျော့ပြီးတစ်ကျော့ နှိပ်စက်လာတယ်။ အကြောင်းရင်းကတော့ လူတွေဟာ ပိုးဖြန့်ရင်း ဗီဇကွဲတွေပေါ်အောင် ကူညီသလိုဖြစ်ရတယ်။

## ပိုးနဲ့ပိုး

အစကတော့ ကိုဗစ်-၁၉ ပိုးတစ်မျိုးတည်းရှိခဲ့တယ်။ လူအများစု ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းလောက် ရောဂါရပြီးရင် နောက်ထပ်မကူးနိုင်တော့ဘူးလို့ Herd Immunity သီအိုရီက ဆိုတယ်။ အခုကျတော့ ကိုဗစ်-၁၉ ကူးပြီးတဲ့သူလည်း ပြန်ကူးတယ်။ ကာကွယ်ဆေး ထိုးထားပြီးသားလူကလည်း ပြန်ကူးတယ်။ (သေကောင်ပေါင်းလဲမဖြစ်အောင်တော့ ကာကွယ်ဆေးက ကူနိုင်တယ်။) ကိုဗစ်-၁၉ ထဲကပဲ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ မျိုးကွဲတွေများ များလိုက်တာ၊ အခု အိုမီခရွန်မျိုးကွဲအထိပဲ။ အိုမီခရွန်ထဲမှာမှ BA-1, BA-2, BA-4, BA-5 ။ အခုနောက်ဆုံး BA-2 ထဲကနေပြီး BA-2.75 ဆိုတဲ့ မျိုးကွဲ ဆင်တောရပ်စ်ဆိုတာ ပေါ်လာစေပြန်တယ်။ အခုနောက်ဆုံး မြန်မာပြည်မှာ ပြည်တွင်းကူးစက်မှုပုံစံနဲ့ တွေ့ရတဲ့ပိုးကတော့ BA-2.76 ဖြစ်နေတယ်။ ပိုးတွေပြိုင်ကြရင်း လူတွေဒုက္ခရောက်နေတာ နေ့စဉ်ကမ္ဘာပေါ်မှာ ရောဂါကူးစက်မှု တစ်သန်းကနေ သုံးသန်းကျော်အထိ ရှိနေပါတယ်။ ပိုးပိုးချင်း နှိမ်နင်းနိုင်မယ့် နည်းပညာတွေ တီထွင်နေကြပေမယ့်အချိန်အတော်ကြာ လိုလိမ့်ဦးမယ်။

## လူနဲ့လူ

လူရယ်၊ ပိုးရယ် နှစ်ခုတွဲကို ထီထိုးသလို တွက်ကြည့်လိုက်ရင် လေးမျိုးတွေ့ရမယ်။ အခု ဆောင်းပါးမှာတော့ ကပ်ရောဂါကြီးအတွင်း လူနဲ့လူတို့ ဘယ်လိုတွေ ဆက်စပ်နေကြသလဲဆိုတာကို လေ့လာမိသမျှ တင်ပြလိုပါတယ်။

(က) ကျန်းမာရေးကဏ္ဍ၊

(ခ) စီးပွားရေးကဏ္ဍ၊

(ဂ) နိုင်ငံရေးကဏ္ဍ၊

(ဃ) ပညာရေးကဏ္ဍ၊

(င) လူမှုဆက်ဆံရေးကဏ္ဍဆိုတဲ့ ကဏ္ဍငါးရပ်လောက်ကိုပဲ လွယ်လွယ်ကူကူ သုံးသပ်ဆင်ခြင်မိပါတယ်။ အဲဒီအထဲမှာ တကယ်အရေးကြီးပြီး ကျယ်ပြန့်လှတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟဗေဒစနစ်အကြောင်းတွေ၊ ကမ္ဘာ့ရာသီဥတု အရေးပေါ်အခြေအနေနဲ့ ကပ်ရောဂါဆက်စပ်မှုတွေ မပါဝင်သေးပါဘူး။ ကပ်ရောဂါနဲ့ လောလောဆယ် မသေအောင် ကြိုးစားနေရတာနဲ့ လက်တစ်ကမ်းက (Climate Crisis) ပြဿနာတွေကို မကိုင်တွယ်ရဲပါ။

**ကိုဗစ်-၁၉ နဲ့ မသေချင်ရင်တော့ ကာကွယ်ဆေးတွေကို သေသေချာချာထိုးပါ။ ကုရာနတ္ထိဆေးမရှိသေးပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မျက်နှာငယ်နေရတဲ့ ကျန်းမာရေးကဏ္ဍကို ထပ်ပြီးထပ်ပြန် အလဲထိုးနေတဲ့ ပိုးပေါင်းသောင်းခြောက်ထောင်တွေကလည်း မညှာမတာဘဲ ပေါ်နေပြန်ပါတယ်။ ရောဂါဖြစ်ပြီးမသေရင် ရှင်မယ်လို့ထင်ရတဲ့ ကိစ္စကလည်း မပြီးပြတ်ဘဲ နာတာရှည်ကိုဗစ် (Long Covid) ဆိုပြီး နှစ်နဲ့ချီ နှိပ်စက်ခံရတဲ့ထဲမှာ ကလေးတွေ ရှေ့တန်းကပါလာတာ စိုးရိမ်စရာဖြစ်လာပြန်ပါသေးတယ်**

### (က) ကျန်းမာရေးကဏ္ဍ

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးဟာ တစ်ကမ္ဘာလုံးရဲ့ ကျန်းမာရေးမဏ္ဍိုင်ကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပါပြီ။ ကျန်းမာရေးမှာ ဆရာတင်ရတဲ့ အင်္ဂလန်နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာလည်း ယိုင်နဲ့သွားပါတယ်။ လူချမ်းသာတွေနေတဲ့ အမေရိကန်ပြည်ကြီးဟာလည်း ကမ္ဘာ့ထိပ်တန်း ကပ်ရောဂါဖြစ်ပွားရာနိုင်ငံကြီးအဖြစ် ဗိုလ်စွဲနေပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်နေတဲ့ ရှေ့တန်းတိုက်စစ်မှူးတွေထဲမှာ သူနာပြုတွေ (အားလုံးနီးပါး) ခြေကုန်လက်ပန်းကျရုံမက စိတ်လောင်ကျွမ်းမှု (Burnt Out) ဖြစ်နေကြရပါတယ်။ အသက်ရှူရင်းနဲ့လည်းကူးတယ်၊စကားပြောရင်းနဲ့လည်းကူးတယ်၊ ထိတွေ့ရင်းနဲ့လည်း ကူးတယ်၊ လူချင်းထိတွေ့မှုမရှိဘဲနဲ့လည်း ဘယ်တုန်းက ဘယ်သူ့ထံ ဘယ်လိုတင်ကျန်နေခဲ့မှန်းမသိတဲ့ ရောဂါပိုးတွေကို ကြားခံပစ္စည်းကနေတစ်ဆင့် ကူးတယ်၊ လက်ကို ပဲကြီးရေခွဲလိုက်အောင် ဆေးနေရင်းနဲ့လည်း ကူးတယ်၊ သုံးပေအကွာနေလည်း ကူးတယ်၊ ခြောက်ပေအကွာနေလည်း ကူးတယ်၊ မတ်စ်တပ်ထားပေမယ့်လည်း ဘယ်တုန်းက ဘယ်လိုကူးမှန်းမသိ ကူးတယ်၊ ကာကွယ်ဆေးတွေ အကြိမ်ကြိမ် ထိုးထားပြီးလျက်သားနဲ့လည်း ကူးတယ်။ ကိုယ်တွေ့ပါ။

ဒါပေမဲ့ ကာကွယ်ဆေးတွေ အကြိမ်ကြိမ် ထိုးခဲ့လို့လည်း မသေဘဲ အခုလိုစာရေးနေနိုင်တာပါ။ ကိုဗစ်-၁၉ နဲ့ မသေချင်ရင်တော့ ကာကွယ်ဆေးတွေကို သေသေချာချာထိုးပါ။ ကုရာနတ္ထိဆေးမရှိသေးပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မျက်နှာငယ်နေရတဲ့ ကျန်းမာရေးကဏ္ဍကို ထပ်ပြီး ထပ်ပြန် အလဲထိုးနေတဲ့ ပိုးပေါင်းသောင်းခြောက်ထောင်တွေကလည်း မညှာမတာဘဲ ပေါ်နေပြန်ပါတယ်။ ရောဂါဖြစ်ပြီးမသေရင် ရှင်မယ်လို့ထင်ရတဲ့ကိစ္စကလည်း မပြီးပြတ်ဘဲ နာတာရှည်ကိုဗစ် (Long Covid) ဆိုပြီး နှစ်နဲ့ချီ နှိပ်စက်ခံရတဲ့ထဲမှာ ကလေးတွေ ရှေ့တန်းကပါလာတာ စိုးရိမ်စရာဖြစ်လာပြန်ပါသေးတယ်။ ကမ္ဘာကြီးမှာ ကပ်ရောဂါကြောင့် စိတ်မချမ်းသာကြရတဲ့ကြားထဲမှာ ချမ်းသာသွားကြသူတွေကတော့ ဆေးသည်တွေ၊ ဈေးသည်တွေပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ၊ ကုသဆေးတွေ၊ ဆေးမြီးတိုတွေ၊ အားဆေးတွေ၊ အားရှိပါတယ်ဆိုတဲ့ပစ္စည်းတွေ ရောင်းချရင်း ခေတ်ပျက်သူဌေးတွေ ဖြစ်သွားကြတာလည်း တွေ့ရပါတယ်။

### (ခ) စီးပွားရေးကဏ္ဍ

ဆေးသည်တွေ၊ ဈေးသည်တွေ ကပ်ရောဂါနဲ့ ပတ်သက်ပြီး ခေတ်ပျက်သူဌေးဖြစ်သွားကြတယ်ဆိုတဲ့လူတွေက လူနည်းစုပါ။ ထိပ်တန်းကမ္ဘာ့စီးပွားရေးကြီးကလည်း ချွတ်ခြုံကျလုဆဲဆဲမှာ ရှိပါတယ်။ ရောဂါမပြန့်ပွားအောင် ပိတ်ဆို့မှု (Lock down) တွေလုပ်ရတယ်။ အိမ်မှာပဲနေဖို့ (Stay at Home) တွေလုပ်နေရတယ်။ စက်ရုံအလုပ်ရုံတွေကို ပိတ်ရတယ်။ ခရီးသွားလာမှုတွေကို ရပ်ဆိုင်းပစ်ရတယ်။ လမ်းဘေး စားသောက်ဆိုင်လေးတွေတောင် ထွက်ခွင့်မရတော့ဘူး။ Smokeless Industry လို့ ခေါ်တဲ့ မီးခိုးမထွက်စက်ရုံတွေလို့ တင်စားတဲ့ ခရီးသွားလုပ်ငန်းတွေ အကြီးအကျယ် ထိခိုက်သွားခဲ့တယ်။ သတ္တိရှိရှိကြိုးစားပမ်းစားနဲ့ နာလန်ထူဖို့ လုပ်ကြပေမယ့်လည်း ကပ်ရောဂါရဲ့ ဒုတိယလှိုင်း၊ တတိယလှိုင်း၊ စတုတ္ထလှိုင်း၊ ပဉ္စမလှိုင်း၊ ဆဋ္ဌမလှိုင်း၊ (အခုဆိုရင် ဂျပန်ပြည်တွင် သတ္တမလှိုင်း) စတဲ့ လှိုင်းဒဏ်ကို အဖန်ဖန်ခံစားနေရင်း သောကတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေကို လွှမ်းခြုံပြီး ဖြစ်နေတဲ့ စီးပွားရေးကဏ္ဍကို တွေ့နိုင်ပါတယ်။ ရေထဲမိုးထဲ ကပ်ရောဂါထဲကျမှ အရေးပါမှန်းသိလာရတဲ့ လူတွေထဲမှာ ရွှေ့ပြောင်းလုပ်သား(Migrant Workers)တွေက ရှေ့တန်းမှာရှိနေတယ်။ သူတို့ရဲ့ ကျန်းမာရေးပြဿနာတွေသာမကတော့ဘဲ စီးပွားရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေ မျိုးစုံပေါ်လာတယ်။ သူတို့ကိုမှီခိုနေရတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက အစ အိမ်ရှင်မတွေအဆုံး ပြဿနာတွေနဲ့ လုံးထွေးနေကြရပါတယ်။

စီးပွားရေးဆုတ်ကပ်ကြီးတစ်ခုဖြစ်လာမှာကို စိုးရိမ်နေရတဲ့အထဲမှာ ဆေးဝါးထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရောင်းချရေးအထိ ကုန်ကြမ်းထုတ်တဲ့နိုင်ငံ၊ ကုန်ချောထုတ်တဲ့နိုင်ငံတွေရဲ့ အခက်အခဲတွေကိုပါ မျက်လုံးဒေါက်ထောက်ကြည့်နေကြရပါတယ်။

### (ဂ) နိုင်ငံရေးကဏ္ဍ

ကိုယ့်နိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားနဲ့ ကမ္ဘာကြီးရဲ့အကျိုးစီးပွားကို ငဲ့ညှာထောက်ထားတဲ့ နိုင်ငံရေးကဏ္ဍက ပုဂ္ဂိုလ်တွေကိုလည်း တွေ့ရတယ်။ ကပ်ရောဂါအပေါ်မှီပြီး နိုင်ငံရေးလုပ်စားတဲ့ (Politicize) လုပ်တဲ့ စားဖားကြီးတွေလည်း တွေ့ရတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ထိရောက်စွာ နှိမ်နင်းနိုင်မယ်လို့ အားကိုးထားတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေဟာလည်း ရောဂါထိန်းချုပ်ဖို့တောင် မလုပ်နိုင်ဘဲ နိုင်ငံရေးကစားကွက်တွေထဲမှာ တဝဲလည်လည်ဖြစ်နေတာ အခုထိပါပဲ။ ဝူဟန်ကစတဲ့ ကူးစက်ရောဂါကို တရုတ်နိုင်ငံက အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပေမယ့် ကပ်ရောဂါကြီးဖြစ်လာအောင် ကမ္ဘာပြန့်သွားရတဲ့ကိစ္စမှာ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ အများအပြားရှိခဲ့ပါတယ်။ ရောဂါဘယ်ကစလဲဆိုတာကို အငြင်းပွားလိုက်၊ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးလိုက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဟာ ဘက်လိုက်တယ်လို့ စွပ်စွဲပြီး အမေရိကန်သမ္မတ ထရမ့်က အကူအညီဖြတ်တောက်ပြီး နုတ်ထွက်လိုက်၊ နောက်တက်လာတဲ့သမ္မတက WHO ထဲပြန်ဝင်လိုက်၊ WHO ရဲ့ ခေါင်းဆောင်ပိုင်းကလည်း ယောင်ဝါးယောင်ဝါးနဲ့ စကားတွေ၊ အကြံဉာဏ်တွေ ထုတ်နေရုံကလွဲပြီး အောက်ခြေမှာ အကောင်အထည်ပေါ်မှဖြစ်မယ့် ကပ်ရောဂါနှိမ်နင်းရေးအလုပ်တွေ တကယ်ဖြစ်လာအောင် အာရုံမစိုက်နိုင်ခဲ့ရုံမက COVAX ဆိုတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ မျှမျှတတ ဖြန့်ဝေနိုင်ရေးအတွက် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ဘူး။

အခုနောက်ဆုံး ကျွန်းနိုင်ငံလေးဖြစ်တဲ့ မာရှယ်ကျွန်းစုမှာ နှစ်နှစ်ကျော်ကြာမှ ရောဂါပျံ့နှံ့လာတာ တွေ့နေရပါတယ်။ တစ်ချိန်က (၂၀၂၀ ပြည့်နှစ်) က နာမည်ကောင်းရခဲ့တဲ့ တောင်ကိုရီးယား၊ ဗီယက်နမ်နိုင်ငံတွေမှာမှ တစ်နေ့တစ်နေ့ သိန်းချီပြီး ရောဂါကူးစက်ခံလာရတာ တွေ့ရတယ်။ နယူးဇီလန်ကျွန်းနိုင်ငံဟာဆိုရင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မပြန့်ပွားအောင် ရွေးကောက်ပွဲကိုပါ ရွှေ့ဆိုင်းခဲ့သေးတယ်။ အဲဒီအချိန်မှာ အမေရိကန်နိုင်ငံက ထရမ့်ကို ထောက်ခံသူတွေဟာ လွှတ်တော်အဆောက်အအုံကိုပါ ဝင်ရောက်စီးနင်းခဲ့တယ်။ ကပ်ရောဂါရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ ထိခိုက်ခံစားခဲ့ရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ရွှေ့ပြောင်းလုပ်သားတွေရဲ့ဒုက္ခကို ကာကွယ်စောင့်ရှောက်မယ့် ကမ္ဘာ့အဖွဲ့အစည်းတွေလည်း ငုတ်တုတ်မေ့နေကြပုံရတာ အခုအထိပါပဲ။

### (ဃ) ပညာရေးကဏ္ဍ

ကလေးတွေ၊ လူငယ်တွေနဲ့ ပညာရေးထိခိုက်မှုကိုတော့ သက်ဆိုင်ရာပညာရှင်တွေက သုတေသနပြု ဖော်ထုတ်နေကြတာ တွေ့ရပါတယ်။ လိုရင်းကို ရေးရရင်တော့ ပညာရေး **စာမျက်နှာ ၁၁ သို့** ❍

# ရွှေစက်တော်ဘုရားပွဲတော်အမီ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**မင်းဘူး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်အား ရွှေစက်တော် ဘုရားပွဲတော်အမီ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ အားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။


**ကြည့်ရှုလေ့လာ**

ဘုရားဖူးလာ ခရီးသွားပြည်သူများအနေဖြင့် မင်းဘူး(စကု)မြို့နယ်၏ တန်ခိုးကြီးဘုရားများနှင့် လေ့လာစရာ အထင်ကရနေရာများစွာထဲမှ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ရှိ မြန်မာ့ရှားပါးမျိုးစိတ် ရွှေသမင်နှင့် ကြယ်လိပ်များအပြင် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းမှ ဘန်ဂလိုများတွင် တည်းခို၍ ဆင်များစီးပြီး မြန်မာ့ရှားပါးမျိုးစိတ်များဖြစ်သည့် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ငါးမျိုးစိတ် ၂၂ မျိုး၊ ကုန်းနေ ရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၁၃ မျိုး၊ စွေ့ငှက်၊ နဖားကြိုးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူငှက်များကို စိတ်လက်ကြည်လင်အေးချမ်းစွာ ကြည့်ရှုလေ့လာနိုင်စေရန် ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများကို ဩဂုတ်လမှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လေ့လာဖူးမြော်နိုင်မည်**

ရွှေစက်တော်ဘုရားပွဲရာသီမှာ တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ သုံးလတိုင်ကျင်းပလေ့ရှိပြီး မြန်မာ့ ဆယ့်နှစ်လရာသီပွဲတော်များထဲတွင် ရက်ရှည်ကျင်းပသောပွဲတော်တစ်ခုဖြစ်သည်။ ယခင်နှစ်များတွင် ပွဲတော်ကျင်းပသည့်အခါ အထက်စက်တော်ရာ၊ အောက်စက်တော်ရာ ပါဒစေတီနှစ်ဆူလောက်သာ လူသိများပြီး ဖူးမြော်ကြသည်။ ယခုအခါ မင်းဘူးမြို့ပေါ်မှ တန်ခိုးကြီးစေတီပုထိုးများနှင့် အခြားအထင်ကရနေရာများလည်း အသစ်ပြန်လည်တည်ဆောက် ပြုပြင်ထားသဖြင့် အမြင်သစ်များဖြင့် စိတ်ကြည်လင်အေးချမ်းစွာ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအဖို့ ကြည့်ရှုလေ့လာဖူးမြော်နိုင်မည်ဖြစ်သည်။

နယ်ပယ်စုံ၊ နေရာစုံ၊ ပုံစံအမျိုးမျိုးကို၊ အသွင်သစ်၊



ဇေယျာထက်(မင်းဘူး)

# တီမောလက်စ်တေနိုင်ငံ၌ အရှေ့တောင်အာရှဆိုင်ရာ သတင်းမီဒီယာကောင်စီများ၏ Dili Dialogue Forum (DDF) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

တီမောလက်စ်တေ နိုင်ငံနှင့် အရှေ့တောင်အာရှမှ ရင်ဆိုင်ကြုံတွေ့နေရသော သတင်းမီဒီယာ အခက်အခဲများဖိုရမ် (Media Challenges in TimorLeste and Southeast Asia)ကို ဩဂုတ် ၂၅ ရက်နှင့်၂၆ ရက်တို့တွင် ကျင်းပခဲ့ရာ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် တီမောလက်စ်တေနိုင်ငံတို့မှ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီဝင် ဦးအေးချမ်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**တည်ခင်းဧည့်ခံ**

ဦးအေးချမ်းသည် ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် ထိုင်းမှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ Denpasar သို့ ၂၃ ရက်တွင် လည်းကောင်း ရောက်ရှိသည်။ ဩဂုတ် ၂၄ ရက်တွင် ထိုင်း၊ ဖိလစ်ပိုင် ဥက္ကဋ္ဌများနှင့်အတူ တီမောလက်စ်တေနိုင်ငံသို့ရောက်ရှိခဲ့ပြီး ညနေပိုင်းတွင် အိမ်ရှင်နိုင်ငံမှ ဂါလာညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဖိုရမ်၏ ပထမနေ့ကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပရာ တီမောလက်စ်တေနိုင်ငံ သမ္မတ ဒေါက်တာဟိုစေးရာမိုစ်အောတာ တက်ရောက်ပြီး မြန်မာအပါအဝင် တက်ရောက်လာသူများအား ရင်းနှီးလှိုက်လှဲစွာကြိုဆိုနှုတ်ဆက်သည်။




အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံမှ ဦးအေးချမ်းက မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသောဖြစ်စဉ်အမှန်များအား နိုင်ငံတကာမှ ပုဂ္ဂိုလ် ၂၀၀ ကျော်ရှေ့တွင် ကိန်းဂဏန်း အချက်အလက်များဖြင့် တိတိကျကျရှင်းလင်းတင်ပြခဲ့ရာ ဖိုရမ်တစ်ခုလုံး၏ စိတ်ဝင်စားမှု အခံရဆုံးတင်ပြမှု ဖြစ်ခဲ့သည်။ ထို့ပြင် တက်ရောက်လာသူများမှ ယခင် ၎င်းတို့သိရှိထားခဲ့သော နိုင်ငံတကာသတင်းမီဒီယာများ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများနှင့် ယခုဖိုရမ်တွင် တင်ပြမှုများလုံးဝကွဲပြားနေသဖြင့် အံ့အားသင့်ရပါကြောင်း သုံးသပ်ပြောဆိုခဲ့ကြသည်။ (ဦးအေးချမ်း၏ တင်ပြမှုကို အရှေ့တီမော၏တီဗီမှ ဖိုရမ်တင်ဆက်မှုကို Live လွှင့်ခဲ့ရာ Facebook တွင် Dili Dialogue Forum အနေဖြင့် ကြည့်ရှုနိုင်ပါသည်။)

မြန်မာ ကိုယ်စားလှယ် ဦးအေးချမ်းသည် ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့ သတ်မှတ်ကာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ရာ ပုသိမ်မြို့စည်ပင်သာယာရေးကော်မတီမှ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ကမ်းနားဈေး၊ မြို့မဈေးနှင့် မြို့သစ်ဈေးတို့တွင် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

**စစ်ဆေးဆောင်ရွက်**

“ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကို ရှောင်ကြဉ်စို့” ဆောင်ပုဒ်နဲ့အညီ ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပုသိမ်မြို့တွင်းရှိ အဖွဲ့ပိုင်ဈေးပေါင်း ခုနစ်ဈေးတွင် ယနေ့မှစတင်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးဈေးများတွင် အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူချိတ်ဆွဲထားရှိပြီး ကြိုတင်အသိပေးကြေညာခြင်းများကို ယခင်ရက်များက ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ပူးပေါင်းစစ်ဆေးခြင်းများကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရပ်ကွက်နေပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တနင်္ဂနွေနေ့တွင် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ တောင်စွန်ဖက်၊ ဗာဒံရွက်များ အသုံးပြု၍ ရောင်းချမှုအား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မှုမရှိပါက အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၀ မှ

ခေတ်တစ်ခေတ် အထိခိုက် နောက်ကျသွားဖို့ ရှိပါတယ်။ ကပ်ရောဂါကြောင့် ကျောင်းတွေပိတ်လိုက်ရတာတော့ အများအသိပါပဲ။ ကျောင်းတွေ ပြန်ဖွင့်ဖို့ကိစ္စမှာလည်း အခက်အခဲတွေအများကြီး ပေါ်ပေါက်ခဲ့တယ်။ လူနဲ့လူအချင်းချင်းဖြစ်ပေါ်ခဲ့တဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ခေတ်နောက်ပြန်ဆွဲသွားပြီး သိပ္ပံပညာကို ကန့်ကွက်တဲ့ (Anti-science) အတွေးအခေါ်တွေ ရှေ့တန်းတင်လာတဲ့အုပ်စုကြီးတွေ၊ အသိပညာတစ်ခုခုရလာတာကို အားကိုးနေရတဲ့ မီဒီယာကြီးငယ်တွေထဲက သတင်းတုသတင်းမှားတွေ၊ လူတွေနဲ့ ပညာရေးကို အလွဲသုံးစားလုပ်ပြီး ကြီးပွားသွားကြတဲ့ သူတွေ များစွာရှိခဲ့တယ်။ အဲဒီအထဲမှာ ပညာရှင်တွေရဲ့ ကပ်ရောဂါအပေါ် သိနားလည်မှု အကန့်အသတ်ရှိပြီး အမြော်အမြင်မရှိတဲ့အတွက် ကလေးတွေကို ကာကွယ်ဆေးနဲ့ ကာကွယ်ခွင့် နှောင့်နှေးကာ ကိုဗစ်-၁၉ ကြောင့် ကလေးတွေမှာ ဦးနှောက်ထိခိုက်ပြီး နောက်ပိုင်း ပညာရေးခက်ခဲမှုပြဿနာတွေ ပေါ်ပေါက်လာခဲ့တယ်။ ကျန်းမာရေးကြောင့်မကဘဲ နိုင်ငံရေး၊ စီးပွားရေးတွေကြောင့် ပညာရေးမှာ အကြီးအကျယ် ထိခိုက်ခဲ့ရပါတယ်။

**(c) လူမှုရေးကဏ္ဍ**

ရေထဲမိုးထဲ ကပ်ရောဂါကြီးထဲမှာ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးဟာ ဘယ်လိုအဖွဲ့အစည်းဆိုတာ ဘွားခနဲ ပေါ်လာတယ်။ “တစ်ကိုယ်ကောင်းဆန်တဲ့ လူ့အဖွဲ့အစည်း” အဖြစ် ထင်ထင်ပေါ်လာပါတယ်။ စောင့်ရှောက်ရမယ့် လောကပါလတရားတွေကို ဘေးချိတ်ပြီး “တစ်ယောက်အခက်၊ တစ်ယောက်အချက်”အဖြစ်နဲ့ အခွင့်ကောင်းတွေစောင့်ပြီး ရယူအသုံးချ ကြီးပွားသွားကြတာကို တွေ့နေရပါတယ်။ ရောဂါကို မတိုက်ခိုက်ဘဲ လူလူချင်း တိုက်ခိုက်ကြတာထက် ပိုဆိုးတာက ရောဂါကာကွယ်ရေး လုပ်ပေးနေတဲ့လူတွေကို ဦးတည်ရန်ပြုလာတာကို တွေ့ရတာ ဝမ်းနည်းစရာပါပဲ။

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအခြေအနေနဲ့ ကမ္ဘာပေါ်မှာ ထင်ရှားလာခဲ့တဲ့ ဆရာဝန်ကြီး ဒေါက်တာဖိုချီ(Dr.Fauci)ကို ဘယ်လိုဒုက္ခပေးသလဲ ဆိုတဲ့ သာဓကလေးကိုပဲ ဖော်ပြပါရစေ။ သူက အမေရိကန်သမ္မတအဆက်ဆက်နဲ့ နီးစပ်ပြီး အကြံပေးနေတဲ့ပုဂ္ဂိုလ်ပါပဲ။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ သုံးသပ်ချက်တွေ၊ သတင်းမှန်တွေ ပေးခဲ့ပေမယ့် သူ့ရဲ့အနီးကပ်ပုဂ္ဂိုလ်ကြီးကလည်း နားမလည်၊ မယုံကြည်၊ ဆန့်ကျင်ဘက်တွေပြော၊ လူထုတွေထဲကလည်း နှာခေါင်းစည်းမတပ်ရေး၊ ကာကွယ်ဆေးမထိုးရေး၊ အိမ်ထဲမှာမနေရေး ဆန့်ကျင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြတယ်။ အဲဒီအထဲက လူတစ်ယောက်ကိုတော့ တရားစွဲပြီး ထောင်ဒဏ် ၃၇ လ ချမှတ်လိုက်ပါတယ်။

“ဒေါက်တာဖိုချီကို လမ်းမပေါ်ဆွဲချ၊ သေအောင်ရိုက်သတ်ပြီးတော့ မီးရှို့ပစ်မယ်” လို့ ခြိမ်းခြောက်ခဲ့သူကို အရေးယူခဲ့တယ်။ အဲဒီကိစ္စမှာ တရားဥပဒေဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးရဲ့မှတ်ချက်က စိတ်ဝင်စားစရာကောင်းပါတယ်။

“Everyone has the right to disagree but you do not have the right to threaten a Federal Officers’ Life”

“လူတိုင်းဟာ သဘောမတူပိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့ ပြည်ထောင်စုအစိုးရအရာရှိတစ်ယောက်ကို အသက်အန္တရာယ်ပေးဖို့ ခြိမ်းခြောက်ပိုင်ခွင့်မရှိဘူး” လို့ တိတိလင်းလင်းပြောကြားပြီး တရားခံကို ထောင် ၃၇ လချရုံမကဘူး၊ သူပြန်ထွက်လာရင်လည်း နောက်ထပ် သုံးနှစ် ခြေချုပ်နဲ့ စောင့်ကြည့်နေမယ်လို့ ဆိုပါတယ်။

သမားအိုအနေနဲ့ အသက် (၁၀၀) မနေရပေမယ့် အမှုပေါင်း ရာထောင်ကျူးလွန်နေကြတာ၊ လူလူချင်း လုပ်နေကြတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်မကဘဲ ကမ္ဘာ့လူဦးရေနဲ့အမျှ ကြုံလာရမယ့်ပြဿနာတွေ မြင်နေရပါတယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၀၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃)ဦးအနက် (၄)ဦး (၁၂.၁၂) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး(၂၉)ဦး (၈၇.၈၈) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၁၉,၂၈၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၉၆၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၄၇၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၆၀,၇၀၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၆၈,၃၁၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၄) ဦး | (၁၂.၁၂) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၉) ဦး | (၈၇.၈၈) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၇-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၆၀,၇၀၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၃၆၈,၃၁၂ |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၀၀၃၄၀၄ | ၉၁၅၃၄၇၁၃ | ၁၀၆၉၁၂၄ |
| ၂။ | အိန္ဒိယ | ၄၄၄၀၈၁၃၂ | ၄၃၇၉၃၇၈၇ | ၅၂၇၇၅၄ |
| ၃။ | ပြင်သစ် | ၃၄၄၆၄၆၈၇ | ၃၃၉၂၀၇၁၁ | ၁၅၃၈၅၇ |
| ၄။ | ဘရာဇီး | ၃၄၃၈၁၂၉၅ | ၃၃၃၆၀၇၇၂ | ၆၈၃၅၂၈ |
| ၅။ | ဂျာမနီ | ၃၂၀၄၁၃၄၈ | ၃၁၀၅၉၁၀၀ | ၁၄၇၁၀၄ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၇၁၁၇၃ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၂၉၈၃၈၁၈ | ၂၀၈၁၉၄၇၄ | ၂၆၅၆၉ |
| ၈။ | အီတလီ | ၂၁၇၈၈၈၆၂ | ၂၀၉၃၀၉၈၁ | ၁၇၅၃၀၆ |
| ၉။ | ရုရှား | ၁၉၄၀၅၉၂၃ | ၁၈၄၉၅၉၆၁ | ၃၈၄၀၈၃ |
| ၁၀။ | ဂျပန် | ၁၈၃၅၃၂၉၀ | ၁၆၂၆၆၁၆၉ | ၃၈၇၇၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၀၃၃၀၂ | ၁၀၁၅၀၁၂၂ | ၄၃၁၁၂ |
| ၂။ | အင်ဒိုနီးရှား | ၆၃၄၆၃၀၄ | ၆၁၄၂၄၃၈ | ၁၅၇၅၀၀ |
| ၃။ | မလေးရှား | ၄၇၇၄၀၀၃ | ၄၇၀၃၂၉၉ | ၃၆၁၉၆ |
| ၄။ | ထိုင်း | ၄၆၄၆၄၁၂ | ၄၅၉၆၆၃၆ | ၃၂၂၂၅ |
| ၅။ | ဖိလစ်ပိုင် | ၃၈၇၄၆၄၁ | ၃၇၈၄၄၄၉ | ၆၁၆၆၇ |
| ၆။ | စင်ကာပူ | ၁၈၃၁၃၃၂ | ၁၇၅၂၇၇၉ | ၁၅၉၀ |
| ၇။ | မြန်မာ | ၆၁၄၉၆၂ | ၅၉၃၄၇၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၇၈၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၅၅၅ | ၁၃၄၃၅၉ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၉ ဒသမ ၉၉ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# အမေရိကန်နိုင်ငံ၌ အလုပ်လုပ်နိုင်သည့်အရွယ်ရောက်ပြီးသူ ၁၆ သန်းခန့် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲဆိုးကျိုးများ ခံစားနေရ

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်နိုင်ငံ၌ အလုပ်လုပ်နိုင်သည့် အရွယ်ရောက်ပြီးသူ ၁၆ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးများကို ကာလရှည်ကြာခံစားနေရပြီး ယင်းတို့အနက် လေးသန်းခန့်သည် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိသေးကြောင်း အမေရိကန် အတွေးအခေါ်ပညာရှင်အဖွဲ့ Brookings Institution က ယနေ့ ပြောကြားသည်။

Brookings Institution အဖွဲ့က အမေရိကန် လူ့အဖွဲ့အစည်းအပေါ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု၏ အကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အရ အသက် ၁၈ နှစ်မှ ၆၅ နှစ်ကြား ပြည်သူ ၁၆ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ၏ နာတာရှည်ဆိုးကျိုးအဖြစ် အသက်ရှူမဝခြင်းနှင့် အာရုံစူးစိုက်ရန် မလွယ်ကူခြင်းတို့ကို ခံစားနေရသည်။

ထို့ပြင် ယင်းတို့အနက် နှစ်သန်းမှ လေးသန်းသည် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရသည့်အတွက် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခြင်းမရှိသေးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါပြည်သူများ၏ ဆုံးရှုံးသွားသော လုပ်ခလစာအတွက် ကုန်ကျစရိတ်သည် တစ်နှစ်လျှင် ဒေါ်လာ ၂၃၀ ဘီလီယံအထိ မြင့်မားနိုင်သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် နာတာရှည်ရောဂါများခံစားနေရသူဦးရေသည် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းတိုးလာပါက ၁၀ နှစ်အတွင်း ဆုံးရှုံးသွားသော နှစ်စဉ်လုပ်အားခသည် ဒေါ်လာ ၅၀၀ ဘီလီယံရှိမည်ဖြစ်ကြောင်း အမေရိကန် အတွေးအခေါ်ပညာရှင်အဖွဲ့ Brookings Institution က ခန့်မှန်းထားသည်။




ပြည်သူများ ပိုမိုလက်လှမ်းမီနိုင်သည့် ရောဂါကုသမှုနှင့် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်သွားရန်နှင့် အလုပ်သမားများကျန်းမာရေးအခြေအနေကြောင့် ခွင့်ခံစားရာတွင် လုပ်အားခအပြည့်အဝရရှိစေရေးအတွက် အာမခံချက်ပေးရန် အမေရိကန်အတွေးအခေါ်ပညာရှင်အဖွဲ့ Brookings Institution က တောင်းဆိုထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**



# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၃ ဦးရှိပြီး ၁၄၀ ဒဏ်ရာရ

ထရီပိုလီ ဩဂုတ် ၂၈

လစ်ဗျားနိုင်ငံ၏ မြို့တော်ထရီပိုလီ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၃ ဦး ရှိလာခဲ့ကြောင်း လစ်ဗျားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက် တွင် ပြောကြားသည်။

အဆိုပါပဋိပက္ခဖြစ်ပွားမှုကြောင့် မြို့တော်ထရီပိုလီရှိ ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာ စင်တာအများအပြား ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများအား တိုက်ခိုက်မှုများကို ရှောင်ရှားသင့်ကြောင်း လစ်ဗျားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက တောင်းဆိုခဲ့သည်။

ထရီပိုလီမြို့၏ ဒေသအများအပြား၌ ပြိုင်ဘက်အစိုးရနှစ်ရပ်နှင့် ဆက်နွယ်မှုရှိသည့် လက်နက်ကိုင်အဖွဲ့များ၏ ဩဂုတ် ၂၆ ရက်နှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သည့် အပြန်အလှန်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၄၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သော သတင်းများထွက်ပေါ်လာပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်အနေဖြင့် အလွန်အမင်းစိုးရိမ်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က ဩဂုတ် ၂၇ ရက် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံအား နိုင်ငံရေးအကျပ်အတည်းမှ လွတ်မြောက်ရေး ကုလသမဂ္ဂက အကူအညီပေးရန် အသင့်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဘရာဇီးနိုင်ငံက ယခုနှစ် မေလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၇၁ ဘီလီယံ ရရှိ

ဆော်ပေါ်လို ဩဂုတ် ၂၈

ဘရာဇီးနိုင်ငံက ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၇၁ ဘီလီယံရရှိခဲ့ကြောင်းနှင့် အဆိုပါရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၁ ခုနှစ်မှစပြီး ရင်းနှီးမြှုပ်နှံငွေပမာဏ အများဆုံးရရှိခြင်းဖြစ်ကြောင်း ဘရာဇီးဗဟိုဘဏ်၏ ယနေ့ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယမန်နှစ်အဆိုပါကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၆ ဒသမ ၁၃ ဘီလီယံခန့်သာရှိခဲ့ကြောင်း သိရသည်။ မေလအတွင်း အသားတင်ရင်းနှီးမြှုပ်နှံမှု ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ် မေလကထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ တိုးမြင့်လာကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေသည် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၄၄ ဘီလီယံရှိသည့်အတွက် ယခုနှစ်အဆုံးပိုင်းတွင် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံအထိ ရောက်ရှိရန် ဗဟိုဘဏ်က မျှော်မှန်းထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၁၀၀၀ အထိ မြင့်တက်လာ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၈

ပါကစ္စတန်နိုင်ငံ၌ ဇွန်လ ၁၄ ရက်တွင် မုတ်သုံရာသီ စတင်ခဲ့ပြီးနောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၁၀၀၀ အထိမြင့်တက်လာခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ဩဂုတ် ၂၇ ရက် ညပိုင်းတွင် ပြောသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် အမျိုးမျိုးသော မတော်တဆမှုများကြောင့် ဒဏ်ရာရရှိသူ ၁၅၂၇ ဦးရှိခဲ့ကြောင်း၊ လူနေအိမ် ၉၄၉၈၅၈ အိမ်သည် တစ်စိတ်တစ်ပိုင်းသို့မဟုတ် လုံးဝပျက်စီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူဦးရေသန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။



ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများကြောင့် သေဆုံးသူများအနက် ကလေးငယ် ၃၄၈ ဦးနှင့် အမျိုးသမီး ၂၀၇ ဦးပါဝင်ကြောင်း သိရသည်။ ဆင်းပြည်နယ် တောင်ပိုင်းသည် မုတ်သုံမိုးကာလအတွင်း ရေကြီးရေလျှံမှုဒဏ်ကို အများဆုံးခံရသည့် ပြည်နယ်ဖြစ်ပြီး ဆင်းပြည်နယ်တစ်ခုတည်းတွင် သေဆုံးသူ ၃၄၇ ဦးရှိခဲ့ကာ ၁၀၀၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံအတွင်း ရုတ်တရက်ရေကြီးမှုများကြောင့် လမ်းများ၏ ၃၄၅၁ ကီလိုမီတာခန့်၊ တံတား ၁၄၉ စင်းနှင့် ဈေးဆိုင်ပေါင်း ၁၇၀ ပျက်စီးမှုရှိခဲ့ကြောင်းလည်း သိရသည်။ ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိရစ္ဆာန်ကောင်ရေ ၇၁၉၅၅၈ ကောင် သေဆုံးခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၁၈ ဦး ထပ်မံတွေ့ရှိ

မနီလာ ဩဂုတ် ၂၈

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၁၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၇၄၆၄၁ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၆၆၇ ဦးရှိကြောင်း ဆိုသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၂၈၅၂၅ ဦး ရှိသည်။ အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၇၈၂ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၃၆ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၄၃၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၄၀၈၁၃၂ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၆၅၉၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၅၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ဖြင့်သေဆုံးသူပေါင်း ၅၂၇၇၅၄ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၉၉၉ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၇၉၃၇၉၇ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၁၆၆၃၅၄၀၈ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် ဩဂုတ် ၂၇ ရက် တစ်ရက်တည်းတွင် ပြည်သူ ၃၂၂၅၅၁ ဦးအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်လေးဦးအား ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်လေးဦးအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မြေခံတပ်ရင်းခန်းမ၌ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံကြသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ ဗိုလ်မှူးချုပ်အောင်နိုင်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကြို့ပင်ကောက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းရယူ၍ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**



## တပ်မတော်တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၂၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နောက်လယ်ရပ်ကွက်နေ မိုးမိုးခိုင်သည် ၎င်းအသုံးပြုသည့် "Noe Ngal" Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့ (၂)ရပ်ကွက်နေ မိုးမြင့်သူသည် ၎င်းအသုံးပြုသည့် "Moe Myint Thu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ ကျောဖုံးမှ

ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်၊ ဒေသခံပြည်သူများအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျ ပိုမိုထုတ်ယူနိုင်စေရန်၊ ရာသီဥတုမျှတစေရန်နှင့် အနောက်ဘက်နှင့် အနောက်မြောက်ဘက် ပုံတောင်ပုံညာဒေသရှိ သစ်တောကြိုးဝိုင်းများအတွက် ဤကာကွယ်တောအား ကြားခံသစ်တောနယ်မြေအဖြစ် တည်ထောင်ထားရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ အင်ကြင်း၊ ယင်းမာ၊ ထောက်ကြံ့၊ သစ်ယာ စသည့်အဖိုးတန်သစ်မျိုးများအပြင် အင်၊ ရှား၊ တယ်၊ သန်း၊ ဇွဲနီ၊ နဘဲ၊ ဖန်ခါး၊ ဆီးဖြူ၊ လက်ပံ၊ သစ်စေး စသည့်သစ်မျိုးများ ရောနှောပေါက်ရောက်လျက်ရှိခြင်း၊ ဂျီ၊ တောခွေး၊ တောကြောင်နှင့် သမင် စသည့်တိရစ္ဆာန်များနှင့် သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုး စသည့်ငှက်မျိုးများ ကျက်စားရာဒေသဖြစ်ခြင်းနှင့် ဥပဒေများနှင့်အညီ စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန်လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၂၅ | ၂၆၂၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၀ | ၃၁၄၀ |
| 95 Ron | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၁၀ | ၂၅၉၀ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၂၀၅ |
| HSD (500 ppm) | ၃၁၉၅ | ၃၂၄၅ | ၃၂၃၅ | ၃၂၀၅ | ၃၂၄၀ | ၃၂၆၅ | ၃၂၆၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၃၅ | ၃၂၃၅ | ၃၂၄၀ | ၃၂၈၀ | ၃၂၈၀ | ၃၂၈၀ | ၃၅၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၈၂ | ၂၄၆၄ |
| 95 Ron | ၂၄၄၃ | ၂၅၂၆ |
| HSD (500 ppm) | ၃၀၆၃ | ၃၁၅၄ |
| HSD (50 ppm) | ၃၁၄၁ | ၃၂၃၃ |
| HSD (10 ppm) | ၃၁၄၁ | ၃၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၈

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်ထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့် ရှင်းလင်းသည့် အခမ်းအနားကို ဩဂုတ်၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းတရားရေးဦးစီးမှူးနှင့် ရန်ကုန်တိုင်းတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများမှတရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၂၅၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မအီမြို့၌ ကမ်းရံပိုက်ဖြင့် ငါးဖမ်းကြသူများ အဆင်ပြေလျက်ရှိ

မအီ ဩဂုတ် ၂၈

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့၌ ကမ်းရံပိုက်ဖြင့် ငါးဖမ်းကြသည့် တံငါလုပ်ငန်းရှင်များမှာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ရေလုပ်ငန်းများ လုပ်ကိုင်ကြသည့် အမှတ်(၃)ရပ်ကွက်နေ ပြည်သူများထံမှ သိရသည်။

ကမ်းရံပိုက်ဖြင့် ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်၍ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ မအီမြို့ အမှတ်(၃)ရပ်ကွက်မှ ကိုစံသာခိုင်က "ကျွန်တော်တို့ လုပ်ငန်းက တစ်လမှာ ဆယ်ရက်လောက်တော့ နားရပါတယ်။ လဆန်း/လပြည့်ကျော် ၁၁ ရက်နေ့လောက်မှာ ကမ်းရံပိုက်ကို စက်လှေပေါ်တင် ချောင်းထဲဆင်းပြီး ငါးဖမ်းထွက်တာ လပြည့်/လကွယ်ပြီးလို့ခြောက်ရက်လောက်မှ ပိုက်သိမ်းပြီး အိမ်ပြန်နားရတာပါ။ လဆန်း/ လပြည့်ကျော်တိုင်း တစ်ကြိမ်ဆင်းရင် ဆယ်ရက်နီးပါးကြာပါတယ်။ ငါးကတော့ ငါးခူ၊ ငါးတန်၊ ငါးရွှေ၊ ကကတစ် အစုံပါပဲ။ ပုစွန်တွေလည်း ရပါတယ်။ ငါးအရွယ်အစား အကြီး အသေးပေါ် မူတည်ပြီးတော့ ရောင်းရတဲ့ ဈေးနှုန်း ကွာဟမှုရှိပါတယ်။ ကကတစ် တစ်ပိဿာကို ကျပ် ၁၂၀၀၀ ကနေ ၁၅၀၀၀ အထိ ရောင်းရပါတယ်" ဟု ပြောသည်။

အဆိုပါ ကမ်းရံပိုက်တစ်ဖောင်လျှင် အလျားပေ ၂၄၀၀ မှ ၄၄၀၀ အထိ ရှည်လျားကြောင်း၊ ဒီရေကျချိန်တွင် မြစ်ချောင်းကမ်းစပ်တစ်လျှောက် တိုင်များစိုက်ထူ၍ ဒီရေတောကို ကာရံပြီး ဒီရေပြန်မတက်ခင် ငါးဖမ်းရန်အသင့်အပြီးသတ် စီစဉ်ရကြောင်း၊ ဒီရေတက်၍ ပြည့်လာချိန်တွင် ကမ်းရံပိုက်မှာ ထောင်လျက်အနေအထားဖြင့် ရေအောက်သို့နစ်မြုပ်ပြီး ပိုက်ကိုကျော်လွန်၍ ဒီရေတောထဲသို့ ဝင်ရောက်လာသည့် ငါးများကို ဒီရေပြန်ကျချိန်တွင် ဖမ်းယူရခြင်းဖြစ်ကြောင်း၊ ဒီရေကြီးလျှင် ငါးများများ ရရှိနိုင်ကြောင်းနှင့် ကမ်းရံပိုက်ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းမှာ ပင်ပန်းသော်လည်း မိသားစုစားဝတ်နေရေး ဖူလုံပါကြောင်း၊ ကမ်းရံပိုက်ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လာသူ ရေလုပ်ငန်းရှင်များမှာ ယခင်နှစ်များထက် များပြားလာကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

❖



## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## ခန္တီးမြို့တွင် ဂရိတ်ဖရုပင်များအတွက် မြေထုပ်စည်းမျိုးပွားခြင်း သင်တန်းဖွင့်လှစ်

ခန္တီး ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဂရိတ်ဖရုပင်များအတွက် မြေထုပ်စည်းမျိုးပွားခြင်းသင်တန်းကို ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက ခလရ(၅၂) နန်စီပွန်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော်အရာရှိစစ်သည်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ခန္တီးတပ်နယ်မှူး ဗိုလ်မှူးကြီးသက်ထူးစံက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်မော်လွင်က သင်တန်း



ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် လက်ကမ်းစာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ခန္တီးမြို့နယ်အတွင်း ဝင်ငွေရမည့် သီးနှံဖြစ်သော ဂရိတ်ဖရုပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် မျိုးပွားနည်းဖြစ်သော မြေထုပ်စည်းမျိုးပွားခြင်း နည်းပညာပေးသင်တန်းကို ဆက်လက်ပို့ချရာ ခရိုင်မျိုးစေ့တာဝန်ခံ ဦးဝင်းကျော်ထွန်းက သီးပင်များအတွက် ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းစနစ်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ရင်စိုးက ကျရောက်တတ်သော ပိုးမွှား/ကုသခြင်းဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုခိုင်က ဂရိတ်ဖရုပင်များအတွက် မြေထုပ်စည်းမျိုးပွားခြင်းဆိုင်ရာ နည်းပညာရပ်များကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြသည်။

ထို့နောက် ဦးစီးအရာရှိ ဦးမင်းမင်းဇော်က ဂရိတ်ဖရုပင်များအား မြေထုပ်စည်းနည်းဖြင့် ပင်ပိုင်းဆိုင်ရာ မျိုးပွားခြင်းကို လက်တွေ့သရုပ်ပြသခဲ့ရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြပြီး လက်တွေ့ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တမူးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးက တမူးမြို့နယ် မြေနီကုန်းဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဩဂုတ် ၂၈ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

ကော့သောင်း ဩဂုတ် ၂၈

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွှတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း အလုပ်သမား ၁၇၃ ဦးကို ယမန်နေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။




အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတစ်လျှောက် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု သံသယရှိသူများ ပါဝင်လာခြင်း ရှိ၊ မရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများ ပါဝင်လာခြင်း ရှိ၊ မရှိ၊ မူးယစ်ဆေးဝါး သယ်ဆောင်လာခြင်း ရှိ၊ မရှိ သတိပြုစစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**စောင့်ကြည့်စစ်ဆေး**

ပြန်လည်ဝင်ရောက်လာသူများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးသူများကို တတိယအကြိမ် Booster ထပ်ဆောင်း ထိုးနှံပေးပြီး ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူနှင့် တစ်ကြိမ်သာ ထိုးနှံထားသူများကို ရောဂါပိုးစစ်ဆေးမှုများ ဆောင်ရွက်ပြီး ကော့သောင်းမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်း သုံးခုတွင် အမျိုးသား၊ အမျိုးသမီး သီးခြားစီ ခွဲခြားထားရှိပြီး အထူးကြပ်မတ်ကာ သုံးရက် အသွားအလာကန့်သတ်စောင့်ကြည့်စစ်ဆေးပြီး ရောဂါပိုးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## ပေါက်တောမြို့နယ် IDPs စခန်းများတွင် ခိုလှုံနေကြသူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

ပေါက်တော ဩဂုတ် ၂၈

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ IDPs စခန်း ငါးခုဖြစ်သည့် ကြိမ်နီပြင် IDP စခန်း၊ အနောက်ရဲ IDP စခန်း၊ ဆက်တက်မော် IDP စခန်း၊ ငှက်ချောင်း(၁)IDP စခန်း၊ ငှက်ချောင်း(၂) IDP စခန်းတို့တွင် ခိုလှုံနေကြသော ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက သတ်မှတ်စုရပ် နေရာများတွင် ဆက်လက်ထိုးနှံပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်ပြီး မြို့နယ်ကုသရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ စာရင်းများမှတ်ယူခြင်း၊ လာရောက်ထိုးနှံကြသည့်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့က IDPs စခန်းများတွင်ခိုလှုံနေကြသောပြည်သူစုစုပေါင်း ၄၈၀ တို့အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခဲ့ပြီး ကျန်ရှိပြည်သူများကို သတ်မှတ်ထားသောဆေးထိုးစုရပ်နေရာများတွင် ဆက်လက်ထိုးနှံလျက်ရှိကြောင်း သိရသည်။


မြို့နယ်(ပြန်/ဆက်)



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရေးအတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming)

ခန့်ဇော် (ကျေးလက်)




မြန်မာနိုင်ငံတွင် အကျိုးတူလယ်ယာစနစ်ကို ယခင်ကတည်းက ဆောင်ရွက်ခဲ့သည်များ ရှိသလို လက်ရှိတွင်လည်း ဆောင်ရွက်နေဆဲဖြစ်ပါသည်။ သို့ရာတွင် အစိုးရ-ပုဂ္ဂလိက-တောင်သူများအကြား အချင်းချင်း ထိန်းကျောင်းလိုက်နာရမည့်လုပ်ငန်းစဉ်(Standard Operating Procedure- SOP)များ စနစ်တကျ ချမှတ်ကျင့်သုံးမှုမရှိသဖြင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming-CF) တွင်ပြေပလောက်အောင်အားကောင်းလာသည်ကို မတွေ့ရပေ။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း အားပေးမှုနည်းသေးသည်ကို တွေ့ရပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အချို့သော သမဝါယမအသင်းများက ၎င်းတို့၏အစီအစဉ်ဖြင့် နှစ်စဉ် CF စနစ်ကို ဆောင်ရွက်နေကြပြီး စပါးဧက တစ်သိန်းခန့်သာ ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ CF ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊ Procedure သာ ရေးဆွဲပေးထားပြီး Contractorနှင့် တောင်သူများဆောင်ရွက်သည့် Agreement သဘောတူညီချက်စာချုပ်ချုပ်ဆိုရာတွင်လည်းကောင်း၊ ငွေကြေးထောက်ပံ့မှုအနေဖြင့်လည်းကောင်း ယခင်ကာလတွင် များစွာဆောင်ရွက်ပေးနိုင်မှုမရှိသေးသည်ကို တွေ့ရပါသည်။

အကျိုးတူကန်ထရိုက်လယ်ယာစနစ်(Contract Farming-CF)ဆိုသည်မှာ မျိုးစေ့မှအစ နည်းပညာအပါအဝင် သွင်းအားစုများ ပံ့ပိုးပေး၍ စိုက်ပျိုးထုတ်လုပ်စေပြီး ဈေးကွက်ရောက်သည်အထိ ပုဂ္ဂလိကနှင့်တောင်သူများ သဘောတူညီချက်ရယူ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အစိုးရမှ လိုအပ်သော သွင်းအားစုအတွက် သက်သာသောနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်းဖြင့် အစိုးရ-ပုဂ္ဂလိက-တောင်သူ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

### ငွေကျပ် ဘီလီယံ ၂၃၀ ကို အတိုးနှုန်း တစ်ရာခိုင်နှုန်း

ယခု နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးမည့် Contract Farming (CF)မှာ နွေစပါး ၈ ဒသမ ၅ သိန်းဧက၊ ပဲတီစိမ်း ဧကငါးသိန်း ဆောင်ရွက်ရန် ဖြစ်ပါသည်။ အဓိကမှာ တောင်သူများ လိုအပ်နေသည့် မျိုး၊ သွင်းအားစု၊ ဓာတ်မြေဩဇာအတွက် နိုင်ငံတော်မှ နွေစပါးတစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ဘီလီယံ ၁၇၀၊ ပဲတီစိမ်း တစ်ဧကလျှင် ကျပ် ၁ ဒသမ ၂ သိန်းနှုန်းဖြင့် ဘီလီယံ ၆၀ စုစုပေါင်း ငွေကျပ် ဘီလီယံ ၂၃၀ ကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးမတည်ပေးခြင်းဖြစ်ပါသည်။ ဘယ်တုန်းကမှ ယခုလို သက်သာသောအတိုးနှုန်းဖြင့် ဆောင်ရွက်ပေးမှုမျိုး မရှိခဲ့ပါ။

ယခုဆောင်ရွက်မည့် Contract Farming (CF) Model ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ် ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဒေသအလိုက်ရေရရှိရေး၊ မြေအခြေအနေနှင့် ယခင်ဆောင်ရွက်နိုင်မှုအခြေအနေ အချက်အလက်များကို အခြေခံပြီး နွေစပါးနှင့် ဆောင်းပဲတီစိမ်း ဆောင်ရွက်နိုင်မည့်ဒေသများတွင် တစ်ဆက်တစ်စပ်တည်း (သို့မဟုတ်) သင့်သလို ဆောင်ရွက်လိုသောတောင်သူများကို စည်းရုံးပြီး သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ ဆောင်ရွက်လိုသည့် Contractor များကို ဖိတ်ခေါ်ခြင်း၊ ဆောင်ရွက်မည့်နည်းလမ်း၊ Design ပုံစံ အတည်ပြုရေးဆွဲခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်မည့် Contractor များက ၎င်းတို့ ဆောင်ရွက်လိုသည့်ဒေသများနှင့် ဆောင်ရွက်မည့်ဧက၊ ဆောင်ရွက်မည့်ပုံစံများကို ရေးဆွဲအဆိုပြုတင်ပြရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အပါအဝင် ဌာနဆိုင်ရာများက စိစစ်ရွေးချယ်ပေးရမည် ဖြစ်ပါသည်။

### မျိုး၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာ ထောက်ပံ့

Contractor၊ တောင်သူများနှင့်လည်း သွင်းအားစုအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာပေးအပ်မည့် ပုံစံ၊ နည်းပညာပေးမည့်ပုံစံ၊ စပါး/ ပဲ ထွက်ရှိလာပါက ပြန်ရောင်းပေးရမည့်ပုံစံ စသည်တို့ကို ကြိုတင်ဆွေးနွေး သဘောတူညီချက်ရယူပြီး Contractor များ၊ တောင်သူ၊ သက်ဆိုင်ရာဌာန (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) သုံးဦး ပါဝင်လက်မှတ်ရေးထိုးသင့်ပါသည်။ ရန်ပုံငွေအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန(စီမံ/ဘဏ္ဍာ) မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးအပ်မည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် Contractor (Contract Farming ဆောင်ရွက်မည့် အစုအဖွဲ့များ၊ ဆန်စက်/ ဆီစက်လုပ်ငန်းရှင်များ)နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်သင့်ပါသည်။ ထို့နောက် Contractorများအနေဖြင့် Supplier (သွင်းအားစုအရောင်းဆိုင်များ)တစ်ဆင့်ခံ၍ဖြစ်စေ၊ တောင်သူအစုအဖွဲ့/ သမဝါယမကုန်ထုတ်အသင်းများနှင့် တိုက်ရိုက်ဖြစ်စေ သဘောတူစာချုပ်ချုပ်ဆိုပြီး မျိုး၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးရမည်ဖြစ်ကာ တောင်သူများက စပါး/ ပဲကို စာချုပ်ပါစည်းကမ်းသတ်မှတ်ဈေးနှုန်းနှင့် Contractorများကို ပြန်ရောင်းရမည်ဖြစ်ပါသည်။ ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ရောင်းချရမည်ဖြစ်ကာ Contractor များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပြန်ဆပ်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာနှင့် လိုအပ်သောစီမံခန့်ခွဲမှုများကို Focal အနေဖြင့် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သွင်းအားစုများ ထောက်ပံ့နိုင်ရေး ကူညီပေးခြင်း၊ တောင်သူများအား သမဝါယမအသင်းအစုအဖွဲ့များဖွဲ့စည်းပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်သမဝါယမအသင်းများ စာချုပ်ချုပ်ဆိုဆောင်ရွက်ရာတွင် စာချုပ်ပါကိစ္စရပ်များအား ကူညီကြီးကြပ်ပေးခြင်း၊ သမဝါယမဦးစီးဌာနနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုထားသော သမဝါယမအသင်းများ၏လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ စပါး/ ပဲ ရောင်းဝယ်ရာတွင် ကြီးကြပ်ပေါင်းစပ်ပေးခြင်း စသည်တို့ကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယခုလိုလုပ်တော့ မည်သည့်အကျိုးကျေးဇူးများ ရမှာလဲဆိုလျှင်....

- တောင်သူများက သက်သာသော အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် လိုအပ်သောမျိုးစေ့၊ သွင်းအားစု၊ မြေဩဇာရမည်ဖြစ်ပြီး နည်းပညာကို Contractor များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ရရှိမည်ဖြစ်သလို ခိုင်မာသည့်ဈေးကွက်လည်း ရရှိမည်ဖြစ်ပါသည်။
- Contractor များအနေဖြင့် CFဆောင်ရွက်ရန် သွင်းအားစုအတွက်နိုင်ငံတော်မှထောက်ပံ့သောငွေကို သီးနှံပေါ်ချိန် စပါး/ ပဲဝယ်ရန် မတည်ငွေအဖြစ် ရရှိမည်ဖြစ်ပါသည်။ ၎င်းမတည်ငွေဖြင့် စပါး/ ပဲ ကြိတ်ခွဲရောင်းချပြီး အကျိုးအမြတ်ပြန်လည်ရရှိမည်ဖြစ်ပါသည်။
- နည်းပညာနှင့် သွင်းအားစုအသုံးပြုနိုင်ခြင်းကြောင့် သီးနှံအထွက်တိုးခြင်းမှ ဝင်ငွေတိုးပွားလာစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။
- Contract Farming ဧက ပိုမိုဆောင်ရွက်နိုင်သဖြင့် နွေစပါးနှင့် ပဲတီစိမ်းအထွက်နှုန်းတိုးပြီး ဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

### လိုအပ်သောအာမခံများ ထားရှိရန်လို

ယခုလိုဆောင်ရွက်ရာတွင် ဖြစ်လာနိုင်ခြေရှိသည့် Risk များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ သဘာဝဂေဟရာသီဥတု ဖောက်ပြန်၍ ဆုံးရှုံးနိုင်ခြေ၊ အကြောင်းအမျိုးမျိုးကြောင့် ပြန်မဆပ်သည်များ စသည့် Risk များကို ကြိုတင်စဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရနှင့် Contractor များအကြား ချေးငွေပြန်ဆပ်ရာတွင် သေချာမှုအတွက် လိုအပ်သောအာမခံများ ထားရှိရန်လိုအပ်ပါသည်။ Contractor နှင့် တောင်သူကြားတွင်လည်း နှစ်ဖက်သဘောတူ၊ နှစ်ဖက်အကျိုးရှိမည့် Win-Win ဖြစ်မည့် သဘောတူညီချက်များကို တိုင်ပင်ဆွေးနွေးဖော်ထုတ်ရန်လိုပါသည်။

စပါး/ ပဲပေါ်ချိန် ဖြစ်ပေါ်လာမည့် ဈေးကွက်ကလည်း အရေးကြီးပါသည်။ လိုအပ်လျှင် Government to Government (G-G) ချိတ်ဆက်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချပေးရမည့်(Export) ပမာဏကို ညှိနှိုင်းရယူထားသည်များကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ ဈေးတက်လျှင် ဘယ်လိုလုပ်မလဲ၊ ဈေးကျလျှင် ဘယ်လိုလုပ်မလဲဆိုသည်များ ကြိုတင်ပြင်ဆင်ထားရန် လိုပါသည်။ နှစ်ဖက်အကျိုးရှိမည့် Contract Farming စာချုပ်များ ချုပ်သင့်ပါသည်။ စာချုပ်ပါအတိုင်း ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF)တို့က ကြီးကြပ်ညှိနှိုင်းဖြေရှင်းပေးရမည်ဖြစ်ပါသည်။ စပါး/ပဲ ပေါ်သည့်အချိန်သည် မိုးဦးကျကာလနှင့် ကြုံရမှာမို့ သီးနှံမပျက်စီးရေးအတွက် Warehouse၊ အခြောက်ခံစက် စသည့် ရိတ်သိမ်းချိန်လွန်ကာလ(Post Harvest) လိုအပ်ချက်များကိုလည်း ကြိုတင်စဉ်းစားပြင်ဆင်ထားသင့်ပါသည်။

> **"Contract Farming ဆောင်ရွက်သည့်အခါ ငွေကြေးစီးဆင်းမှုက တောင်သူများဆီ တိုက်ရိုက်ရောက်ရှိခြင်းမျိုးမဟုတ်ပေမယ့် လုပ်ငန်းရှင်(Contractor)များ၊ သွင်းအားစုအရောင်းဆိုင်များနှင့် သမဝါယမအသင်းအဖွဲ့များဆီ ငွေကြေးစီးဆင်းပြီး တောင်သူများက လိုအပ်သည့်သွင်းအားစုများရရှိမည်ဖြစ်သည့်အတွက် လုပ်ကွက်ငယ်တောင်သူအများစု၏ လိုအပ်ချက်ဖြစ်သည့် သွင်းအားစုများကို တိုက်ရိုက်ဖြေရှင်းပေးနိုင်ရန်၊ တည်ငြိမ်သည့်ဈေးကွက်ဖော်ဆောင်နိုင်ရန်အတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဟုခေါ်သည့် Contract Farming စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်"**

စာမျက်နှာ ၁၉ သို့ ❍



## ဟုမ္မလင်းမြို့နယ်၌ ငါးသားဖောက်စခန်းသစ် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဟုမ္မလင်း ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသတွင်း ငါးရိက္ခာဖူလုံစေရန်နှင့် ဒေသတွင်း ငါးမွေးမြူသူများ ပိုမိုများပြားစေရန်ရည်ရွယ်၍ ဟုမ္မလင်းမြို့နယ်၌ ငါးသားဖောက်စခန်းသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနိုင်နိုင်ကျော်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာစုမျိုးသွယ်၊ ဒုတိယတိုင်းဦးစီးဌာနမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရွှေဘိုနှင့်စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ရွှေဘိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဟုမ္မလင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးတို့ တက်ရောက်၍ GAqPကျင့်စဉ်နှင့် ညီညွတ်စေရန် လိုအပ်သောနည်းပညာများကို တည်ဆောက်ရေး ကန်ထရိုက်တာနှင့်ညှိနှိုင်းပေါင်းစပ်ပြီး layout plan များရေးဆွဲ၍ ကိုက်ညီစေရန် ကြပ်မတ်ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ကာလ အချိန်မီပြီးစီးရေးအတွက် ဆွေးနွေးမှာကြား ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေး

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်စောက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရာတွင် ကျေးလက်ဦးစီးဌာနနှင့် ရွှေ(ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်လီမိတက် (Shwe Bank)တို့ ပူးပေါင်း၍ Manual Cash-Based စနစ်အစား Mobile Financial Payment (MoMoney Digital Wallet) စနစ်တို့ဖြင့် ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ထုတ်ချေးပေး**

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် MoMoney Agent များက အဆိုပါကျေးရွာ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အင်ကျယ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား ၂၁၀ တို့အား Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်းကို ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ကျေးရွာသုံးရွာ၌ ရှေးပြေး စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါစနစ်ဖြင့် ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာအပါအဝင် ကျောက်ဆည်မြို့နယ် တံတားဦးကျေးရွာတို့၌ ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တံတားဦးမြို့နယ် အုတ်ကျွတ်ဖို ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



❍ စာမျက်နှာ ၁၈ မှ

ရာသီဥတုကြောင့် ဆုံးရှုံးမှုအတွက် သီးနှံအာမခံထားမည့်အစီအစဉ်ကိုလည်း တောင်သူများ နားလည်အောင်ရှင်းပြရပါမည်။ ဘာကြောင့်လိုအပ်သည်၊ ဘယ်လိုလုပ်မည်၊ ဘယ်လိုအကျိုးရှိမည် စသည်ဖြင့် ပွင့်ပွင့်လင်းလင်း သဘောတူညီမှု ယူထားသင့်ပါသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)တို့ကလည်း ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်မည့် ဆန်စက်/ ဆီစက်လုပ်ငန်းရှင်များ၊ ဆန်/ ပဲ Exporter များကို စုစည်းပြီး ဒီအချိန်မှာ တတ်နိုင်သမျှစုစည်းဆောင်ရွက်ကြရန် ပြင်ဆင်ရပါမည်။ ဆောင်ရွက်စဉ်လည်း ကြီးကြပ်ပေးရပါမည်။ တာဝန်ယူ၊ တာဝန်ခံနိုင်အောင်လည်း ကြိုတင်ပြင်ဆင်စီမံရပါမည်။ ယခုဆောင်ရွက်မည့် Model ကနေ သင်ခန်းစာယူပြီး ပိုကောင်းသည့်လုပ်ငန်းပုံစံ Model၊ Design များ ရေးဆွဲပြီး နောင်ကာလများတွင် အစိုးရ- ပုဂ္ဂလိက- တောင်သူ ပူးပေါင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ် အစဉ်ဆောင်ရွက်နေရမည်ဖြစ်ပါသည်။

ယခုလိုဆောင်ရွက်ရာတွင် အောင်မြင်ရန်အတွက်မျိုးကောင်းမျိုးသန့် အပြည့်အဝရရှိရေးသည်လည်း လွန်စွာအရေးကြီးပါသည်။ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်မျိုးဖြစ်ရန် လိုပါသည်။ ထို့ကြောင့် မျိုးရရှိရေးသည် ပထမအရေးကြီးပါသည်။ နွေစပါး၊ ဆောင်းပဲဖြစ်၍ ရေရရှိရေးသည်လည်း အလွန်အရေးကြီးပါသည်။ ဆည်ရေရသောဧရိယာများ၊ အခြားနည်းဖြင့် ရေရရှိနိုင်သောဒေသများ၊ ဖြစ်နိုင်ခြေရှိသော ဧရိယာများကို ရွေးချယ်ဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။ သွင်းအားစုအတွက်မှာ နိုင်ငံတော်ချေးငွေက ရမည်ဖြစ်၍ ထိုက်သင့်သလောက် အဆင်ပြေနိုင်ပါသည်။ သွင်းအားစု အမှန်သုံးစွဲရေးအတွက်တော့ Supplier များနှင့် ချိတ်ဆက်၍ တောင်သူစိတ်ကြိုက်ဖြစ်ပြီး အရည်အသွေးပြည့်မီသည့် မြေဩဇာများရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး အမှန်သုံးစွဲရေးကိုလည်း ဌာနဆိုင်ရာများနှင့် Contractor များက ကြီးကြပ်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဖြေရှင်းမည့်လုပ်ငန်းစဉ်၊ နည်းလမ်းများ**

Contractor များနှင့် တောင်သူများကြား သဘောတူစာချုပ်ချုပ်ဆိုရာတွင် စာချုပ်ပါအချက်အလက် သဘောတူညီမှု၊ Contractor ဘက်က ဆောင်ရွက်ရမည့်တာဝန်၊ တောင်သူဘက်က ဆောင်ရွက်ရမည့်တာဝန် စသည်ဖြင့် ရှင်းရှင်းလင်းလင်း တောင်သူများသိရန်လိုပါသည်။ ဖြစ်နိုင်ခြေ Risk က သီးနှံပေါ်ချိန်တွင် ဈေးတက်ဈေးကောင်းလျှင် တောင်သူက စာချုပ်ပါစည်းကမ်းအရ သတ်မှတ်နှုန်းနှင့် Contractor များကို ရောင်းရမည်ကို မရောင်းချင်ဘဲ၊ မရောင်းဘဲ ပြင်ပတခြားပွဲစားကို ရောင်းသည်မျိုးဖြစ်နိုင်ပါသည်။ ဈေးနှုန်းကျပါကလည်း တောင်သူရော ကုန်သည်ပါ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ဈေးကျချိန်တွင် သိုလှောင်ထားခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်းများ ဆောင်ရွက်ထားသင့်ပါသည်။ ယင်းပြဿနာဖြစ်လာလျှင် ဖြေရှင်းပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က ပါဝင်ကြီးကြပ်ပေးရန် လိုအပ်ပါသည်။ ဖြေရှင်းမည့်လုပ်ငန်းစဉ်၊ နည်းလမ်းများ ကြိုတင်စီမံချမှတ်ထားရှိသင့်ပါသည်။

တောင်သူတစ်ဦးချင်းနှင့် ဆက်ဆံခြင်းထက် တောင်သူအစုအဖွဲ့များ၊ သမဝါယမအသင်းများဖွဲ့ပြီး အမှုဆောင်ကော်မတီဝင်တောင်သူခေါင်းဆောင်များမှတစ်ဆင့် ချိတ်ဆက်ခြင်းများ ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်(CF)ဆောင်ရွက်လိုသည့် တောင်သူများကို အစုအဖွဲ့ (သို့မဟုတ်) တောင်သူသမဝါယမအသင်းများ စုဖွဲ့ခြင်း၊ စည်းရုံးပညာပေးခြင်းများ ပြုလုပ်ပေးရမည့်အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ ဥပမာ-ဆည်ရေလွှတ်ချိန်လောက်တွင် တောင်သူတစ်ဦးချင်းကို မပြောနိုင်ပါက ကျေးရွာအလိုက် ကော်မတီများ၊ တာဝန်ရှိသူများကိုသာ အကြောင်းကြားနိုင်မည်ဖြစ်ပါသည်။

စက်မှုလယ်ယာများမှာ စုပေါင်းထွန်ယက်ခြင်း၊ တစ်ဆက်တစ်စပ်တည်း ထွန်ယက်ရန် စီမံခြင်း၊ ရိတ်သိမ်းချိန်တွင်လည်း တစ်ဆက်တစ်စပ်တည်း ရိတ်သိမ်းရန်စီမံခြင်းသည် ကုန်ကျစရိတ်သက်သာပြီး စီမံခန့်ခွဲမှုလွယ်ကူစေပါသည်။ ယင်းကဲ့သို့စီမံရန် အစုအဖွဲ့၊ အသင်းအဖွဲ့စနစ်ပုံစံ ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်၍ အောက်ခြေအနိမ့်ဆုံးအဆင့် တောင်သူအစုအဖွဲ့၊ သမဝါယမအသင်းများ ဖွဲ့စည်းပညာပေးဆောင်ရွက်ခြင်းသည် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (CF) အောင်မြင်ခြင်းအတွက်အဓိကအရေးကြီးကြောင်း သုံးသပ်ရပါသည်။

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် လုပ်ကွက်ငယ်တောင်သူများ ရင်ဆိုင်နေရသည့်အခက်အခဲများကို သေချာစွာသိရှိနားလည်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ လုပ်ကွက်ငယ်တောင်သူအများစုအနေဖြင့် ငွေကြေးအရင်းအနှီး၊ ထုတ်လုပ်မှုနည်းပညာ၊ သတင်းအချက်အလက်လက်လှမ်းမီမှု အကန့်အသတ်၊ ထွက်ကုန်အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်၊ ဈေးကွက်အခွင့်အလမ်းရရှိနိုင်မှု၊ ဈေးကွက်မတည်ငြိမ်မှု စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ Contract Farming ဆောင်ရွက်သည့်အခါ ငွေကြေးစီးဆင်းမှုက တောင်သူများဆီ တိုက်ရိုက်ရောက်ရှိခြင်းမျိုးမဟုတ်ပေမယ့် လုပ်ငန်းရှင်(Contractor)များ၊ သွင်းအားစုအရောင်းဆိုင်များနှင့် သမဝါယမအသင်းအဖွဲ့များဆီ ငွေကြေးစီးဆင်းပြီး တောင်သူများက လိုအပ်သည့်သွင်းအားစုများ ရရှိမည်ဖြစ်သည့်အတွက် လုပ်ကွက်ငယ်တောင်သူအများစု၏ လိုအပ်ချက်ဖြစ်သည့် သွင်းအားစုများကို တိုက်ရိုက်ဖြေရှင်းပေးနိုင်ရန်၊ တည်ငြိမ်သည့်ဈေးကွက် ဖော်ဆောင်နိုင်ရန်အတွက် အကျိုးတူကန်ထရိုက် လယ်ယာစနစ်ဟုခေါ်သည့် Contract Farming စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ယခုကဲ့သို့ နိုင်ငံ့စီးပွား မြင့်မားရေးနှင့် လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ပြည်ပဈေးကွက်အလားအလာရှိသော ဆန်စပါးအတွက် ငွေကျပ် ၁၇၀ ဘီလီယံနှင့် ပဲတီစိမ်းအတွက် ငွေကျပ် ၆၀ ဘီလီယံ စုစုပေါင်း ကျပ် ၂၃၀ ဘီလီယံကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် Contract Farming စနစ်တွင် သွင်းအားစုအတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ပံ့ပိုးခြင်းမှာ ဘယ်တုန်းကမျှ မရှိခဲ့ပါ။ "လသာတုန်းဗိုင်းငင်"ဆိုသလို အခွင့်သာတုန်းမှာ အစိုးရ-ပုဂ္ဂလိက-တောင်သူလယ်သမားပြည်သူများ စေတနာဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သတိဉာဏ်ပညာဖြင့် စီမံဆောင်ရွက်သင့်သည်များကို စနစ်တကျ စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

ပုံပြင်

# ခင်နှင်းဖြူ

**မင်းယုဝေ**

(၂၂-၈-၂၀၂၂ ရက်နေ့မှအဆက်)

ညနေစောင်းသောအခါ လူပုကလေး ခုနစ်ယောက်တို့သည် အလုပ်မှပြန်လာကြလေ၏။ သူတို့သည် ကြမ်းပေါ်တွင် လဲကျနေသောခင်နှင်းဖြူကိုတွေ့ရလျှင် များစွာထိတ်လန့်သွားကြလေသည်။ သွားရောက်ပွေ့ယူကြည့်ရှုသောအခါ လည်ပင်းတွင် တင်းကျပ်စွာ ချည်နှောင်ထားသော ဇာကိုတွေ့ရလေ၏။ သူတို့သည် ချက်ချင်းပင်ထိုဇာကိုဖြုတ်လိုက်ရာ ခင်နှင်းဖြူမှာ အသက်ရှူနိုင်လာလေ၏။ မကြာမီပင် ခင်နှင်းဖြူသည် အကောင်းပကတိပြန်ဖြစ်ကာ အကြောင်းစုံ ပြန်ပြောပြလေ၏။ လူပုကလေးတို့ကလည်း အမယ်အိုသည် မိဖုရားကိုယ်တိုင်ပင်ဖြစ်မည်။ နောက်တစ်ကြိမ်တွင် မည်သူ့ကိုမျှ အိမ်တံခါး ဖွင့်မပေးလေနှင့်ဟုဆိုကြ၏။ မိဖုရားသည် နန်းတော်သို့ ပြန်ရောက်သော် မှန်အားမေးပြန်လေ၏။ သူ အလွန်အံ့သြသည်ကား သေပြီဟုစိတ်ချရသော ခင်နှင်းဖြူသည် မသေဘဲ သူ့ထက်လှနေသည်ဟု မှန်ကပြောခြင်းပင်ဖြစ်လေသည်။ သူသည် ဒေါသကို ချုပ်တည်းမရတော့ချေ။ နောက်တစ်ကြိမ် ခင်နှင်းဖြူအား သတ်ရန်ကြိုးစားပြန်လေ၏။ သူသည် ယခင်တစ်ခေါက်ကကဲ့သို့ မဟုတ်ဘဲ တစ်မျိုးရုပ်ဖျက်လေသည်။ အဆိပ်ထည့်ထားသည့် ဘီးတစ်ချောင်းကိုလည်း ယူသွားသည်။ ခင်နှင်းဖြူသည် ယခုတစ်ကြိမ်တွင် အိမ်တံခါးကို ဖွင့်မပေးသော်လည်း ဘီးကိုကား လှမ်းယူလေသည်။ ထိုဘီးကို သူ၏ဆံပင်တွင် စိုက်လိုက်သည်နှင့်တစ်ပြိုင်နက် အဆိပ်သင့်ကာ လဲကျသွားလေတော့၏။

မိဖုရားလည်း ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားလေ၏။ ကံအားလျော်စွာပင် လူပုကလေးတို့သည် ထိုနေ့တွင် အလုပ်မှစောစွာ ပြန်လာကြလေသည်။ သူတို့သည် လဲကျနေသော ခင်နှင်းဖြူ၏ ဦးခေါင်းမှ အဆိပ်ဘီးကို ဖြုတ်လိုက်ကြလေ၏။ ဤတွင် ခင်နှင်းဖြူလည်း သတိရလာကာ အကြောင်းစုံ ပြန်ပြောပြ၏။ လူပုကလေးတို့ကလည်း မည်သူ့ကိုမျှ တံခါးဖွင့်မပေးရန် ထပ်မံသတိပေးကြပြန်၏။

မိဖုရားသည် နန်းတော်သို့ရောက်သည်နှင့်တစ်ပြိုင်နက် သူ၏မှန်ကိုမေးပြန်လေ၏။ သူသည်ခင်နှင်းဖြူမသေဘဲသူ့ထက်လှနေကြောင်း ကြားပြန်လေ၏။ သူ၏မနာလိုစိတ်မှာ ပြင်းထန်သည်ထက်ပြင်းထန်လာလေတော့သည်။ ခင်နှင်းဖြူမသေသေးသမျှ သူကျေနပ်မည် မဟုတ်တော့ချေ။ ထို့ကြောင့် သူတတ်သော ဆေးအတတ်ဖြင့် အဆိပ်ပါသော ပန်းသီးတစ်လုံးကို စီရင်လေ၏။ ထိုပန်းသီးမှာ မြင်သူတိုင်း တပ်မက်လောက်အောင်ပင် လှပ၏။ အလွန်အရသာရှိမည့်ပုံလည်းရှိသည်။ သူသည် ထိုပန်းသီးကို ခင်နှင်းဖြူထံ ယူဆောင်သွားပြန်၏။

သည်အကြိမ်တွင် ခင်နှင်းဖြူသည် တံခါးကို ဖွင့်မပေးချေ။ ထို့ပြင် ပန်းသီးကိုလည်း မယူလိုဟုဆို၏။ သို့ရာတွင် ရုပ်ဖျက်ထားသော မိဖုရားက...

“ပန်းသီးကို သံသယမဖြစ်ပါနှင့်၊ သူကိုယ်တိုင်စားပြပါမည်” ဟုဆိုလေသည်။ ထို့နောက် ပန်းသီးတစ်ခြမ်းကို စားပြလေသည်။ စင်စစ် ပန်းသီးမှာ တစ်ခြမ်းတွင်သာ အဆိပ်ရှိ၍ မိဖုရားစားပြသော တစ်ခြမ်းတွင်ကား လုံးဝအဆိပ်မရှိပေ။ ဤသည်ကို မြင်သော် ခင်နှင်းဖြူသည် ပန်းသီးကို လှမ်းယူလေ၏။ ထို့နောက် ကျန်တစ်ခြမ်းကို ကိုက်စားလိုက်လေ၏။ တစ်ကိုက်မျှကိုက်မိ၍ ထိုပန်းသီးစိတ်လည်ချောင်းတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခင်နှင်းဖြူလဲကျသွားလေတော့၏။

“သည်တစ်ခါတော့ ညည်းပြန်ရှင်ဖို့ ခဲယဉ်းပြီ”

ဟုဆိုကာ မိဖုရားသည် ဝမ်းမြောက်ဝမ်းသာ ပြန်သွားလေတော့၏။ မိဖုရားသည် နန်းတော်သို့ ရောက်၍ မှန်အား မေးပြန်သော်...

“အသင် မိဖုရားသာ ကမ္ဘာ၌ အလှဆုံးဖြစ်သည်” ဟု မှန်ကဖြေကြားလိုက်လေ၏။ မိဖုရားလည်း အကျေနပ်ကြီးကျေနပ်လျက်ရှိလေ၏။

ညနေချမ်းတွင် လူပုလေးတို့သည် အိမ်သို့ပြန်လာကြလေသည်။ သူတို့သည်မလှုပ်မယှက် ငြိမ်သက်နေသော ခင်နှင်းဖြူကလေးအား အမျိုးမျိုးပြုစုကြလေသည်။ သို့ရာတွင် ခင်နှင်းဖြူကလေးကား သတိမရတော့ချေ။ သူတို့သည် အလွန်ပူဆွေး ငိုကြွေးကြပြီးနောက် ခင်နှင်းဖြူကလေးကို သင်္ဂြိုဟ်ရန် စီမံကြလေ၏။ ခင်နှင်းဖြူကလေးမှာ သေသည်ဟုဆိုရသော်လည်း သူ၏ပါးကလေးမှာ နီမြန်းလျက်ပင်ရှိသေး၏။ မျက်နှာကလေးမှာလည်း အသက်ရှင်စဉ်နှင့်မခြား ရှိလေသည်။ ထို့ကြောင့်သူတို့သည် သူ့အား မြေမြှုပ်ရန်မလိုလားကြဘဲ မှန်ခေါင်းတစ်ခုအတွင်း သွင်းထားကြရန် ကြံရွယ်မိကြလေ၏။

သို့ကြံရွယ်မိသည့်အတိုင်းပင် သူတို့သည် ခင်နှင်းဖြူကိုမှန်ခေါင်းတစ်ခုအတွင်းသို့ ထည့်သွင်းလေ၏။ အဖုံးပေါ်၌လည်း ခင်နှင်းဖြူ၏ အမည်ကိုလှပသော ရွှေစာလုံးများဖြင့် ရေးကြ၏။ ထို့နောက် ထိုခေါင်းကို တောင်ပူစာတစ်ခုထိပ်တွင်တင်လျက် တစ်ယောက်တစ်လှည့်စီ စောင့်ကြ၏။ ထိုခေါင်းရှိရာသို့ ငှက်ကလေးများလာရောက် ငိုကြွေးကြသည်။ ရှေးဦးစွာ ဇီးကွက်တစ်ကောင်ရောက်လာသည်။ နောက် တောကျီးတစ်ကောင် ရောက်လာသည်။ နောက်ဆုံး၌ ချိုးတစ်ကောင် ရောက်လာသည်။

ဤသို့အားဖြင့် ခင်နှင်းဖြူကလေးသည် မှန်ခေါင်းအတွင်း၌ နှစ်ပေါင်းအတန်ကြာနေရရှာ၏။ မည်သို့ပင်ဖြစ်စေ၊ သူကား ပကတိ အိပ်ပျော်နေသူနှင့်မခြား ရှိနေလေသည်။သူ့ဆံပင်များမှာနက်မြဲနက်လျက် သူ့အသားမှာ ဖြူဖွေးမြဲ ဖြူဖွေးလျက် သူ့ပါးပြင်နှင့် နှုတ်ခမ်းတို့မှာ နီမြန်းမြဲနီးမြန်းလျက်ရှိလေသည်။

တစ်နေ့သောအခါ မင်းသားတစ်ပါးသည် တောလမ်းခရီးသို့ ထွက်လာစဉ် ထိုနေရာသို့ ရောက်ရှိလေ၏။ သူသည် ခင်နှင်းဖြူကို တွေ့လေသည်။ ခေါင်းပေါ်မှ စာကိုလည်း ဖတ်လေသည်။ သူသည် လူပုကလေးများကို ငွေကြေးအမြောက်အမြားပေး၍ ခင်နှင်းဖြူကို ယူဆောင်ရန် ကြံစည်လေသည်။

လူပုကလေးများကမူ တစ်လောကလုံးရှိ ရွှေများကို ပေးသည့်တိုင် ခင်နှင်းဖြူကိုကား မပေးနိုင်ဟုဆိုကြ၏။ **စာမျက်နှာ ၂၁ သို့** ❖

**❛ မင်းသားသည် ခင်နှင်းဖြူ၏ ခေါင်းကိုမလိုက်လေသည်။ ထိုခဏ၌ ခင်နှင်းဖြူ၏လည်ချောင်းတွင် တစ်နေသော ပန်းသီးစိတ်သည် ထွက်ကျလာတော့၏။ ချက်ချင်းပင် ခင်နှင်းဖြူလည်းသတိရကာ သူမည်သည့်အရပ်သို့ရောက်နေကြောင်း မေးမြန်းလေ၏။ မင်းသားလည်းအကြောင်းစုံပြောပြပြီးနောက် ခင်နှင်းဖြူအား သူနှင့်အတူလိုက်ခဲ့ရန် ခေါ်လေ၏။ ခင်နှင်းဖြူလည်း မင်းသားကြောင့် သူအသက်ရှင်ရသည့်အပြင် မင်းသားကိုလည်း ချစ်မြတ်နိုးမိရကား ကျေနပ်စွာလိုက်ပါသွားလေတော့၏ ❜**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)



❖ စာမျက်နှာ ၂၀ မှ

သို့ရာတွင် နောက်ဆုံး၌ သူတို့သည် မင်းသားကို သနားလာသဖြင့် ယူဆောင်သွားရန် ခွင့်ပြုကြလေ၏။ မင်းသားသည် ခင်နှင်းဖြူ၏ ခေါင်းကိုမလိုက်လေသည်။ ထိုခဏ၌ ခင်နှင်းဖြူ၏လည်ချောင်းတွင် တစ်နေသော ပန်းသီးစိတ်သည် ထွက်ကျလာတော့၏။ ချက်ချင်းပင် ခင်နှင်းဖြူလည်း သတိရကာ သူမည်သည့်အရပ်သို့ရောက်နေကြောင်း မေးမြန်းလေ၏။ မင်းသားလည်းအကြောင်းစုံ ပြောပြပြီးနောက် ခင်နှင်းဖြူအား သူနှင့်အတူလိုက်ခဲ့ရန် ခေါ်လေ၏။ ခင်နှင်းဖြူလည်း မင်းသားကြောင့် သူအသက်ရှင်ရသည့်အပြင် မင်းသားကိုလည်း ချစ်မြတ်နိုးမိရကား ကျေနပ်စွာလိုက်ပါသွားလေတော့၏။

သူတို့သည် မင်းသား၏တိုင်းပြည်သို့ ရောက်သော် လက်ထပ်ပွဲကို ကြီးကျယ်စွာဆင်ယင်ကျင်းပလေ၏။ ထိုလက်ထပ်ပွဲသို့ မိဖုရားလည်းသွားမည့်ဟန် ပြင်လေ၏။ သူသည် မှန်ရှေ့တွင် အလှပြင်ရင်း မည်သူ အလှဆုံးဖြစ်ကြောင်းမေးလေ၏။ မှန်က မိဖုရားသည် လှပါသည်။ သို့ရာတွင် ယခုလက်ထပ်မည့် သတို့သမီးကလေးက ပိုမိုလှပါသည်ဟု ဆိုလေ၏။ ထိုအခါ မိဖုရားသည် အလွန်စိတ်ဆိုးလေ၏။ သို့ရာတွင် သူသည် သတို့သမီးကို မြင်လိုရကား လက်ထပ်ပွဲသို့သွားလေ၏။ သူသည် လက်ထပ်မည့် သတို့သမီးမှာ အခြားမဟုတ်ဘဲ ခင်နှင်းဖြူ ဖြစ်နေကြောင်း သိရသောအခါ မူလကဒေါသအိုးသည် ပေါက်ကွဲလေတော့၏။

အဖန်ဖန်သတ်သော်လည်း မသေနိုင်သည့်အပြင် အိမ်ရှေ့မိဖုရားပင် ဖြစ်နေသည့် ခင်နှင်းဖြူကို ကြည့်ရင်း သူသည် ဒေါသဖြင့်ဆို့နင့်ကာ လဲကျသွားလေ၏။ သူသည် ထိုနေ့မှစ၍ နာမကျန်းဖြစ်ကာ နောက်ဆုံးတွင် သေဆုံးသွားလေ၏။

ခင်နှင်းဖြူနှင့် မင်းသားလေးတို့သည် နှစ်ပေါင်းများစွာကြာသည့်တိုင် ပျော်ရွှင်စွာနှင့် ကျန်းမာချမ်းသာစွာ ပေါင်းသင်းနေထိုင်သွားကြလေသတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

## စိတ်ကူး

❖ အသစ်အသစ်၊ ဉာဏ်ရည်ညစ်လျက်
ရေးခြစ်မည်ခဲ၊ စိတ်မှာစွဲ၍
စာစားပွဲ၌ ထိုင်ဆဲကို။

❖ တစ်ကိုယ်တည်းလျှင်၊ ဉာဏ်သစ်ထွင်၍
စာယဉ်ကဗျာ၊ သီကုံးကာလျှင်
သာယာရွှင်အောင်၊ စိတ်ရည်ဆောင်မည်
ကလောင်လက်မှာ ကိုင်ဆဲကို။

❖ ရှေ့ဆီအနား၊ သစ်ပင်ဖျား၌
ရှင်အားပိုမို၊ ရွှေချိုးပျိုလည်း
မ-ဖို ယှဉ်တွဲ၊ သံစုံချွဲခဲ့
စိတ်ထဲလွမ်းမူး၊ မရှင်မြူးသည်
စိတ်ကူးမယဉ် နိုင်ဘဲကို။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# ရာသီဥတုပြောင်းလဲမှုအတွက် တက်ကြွလှုပ်ရှားသော ၁၆ နှစ်အရွယ်အမျိုးသမီး

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ရာသီဥတုပြောင်းလဲမှုအတွက် စွန့်စားရမှုများကို ကမ္ဘာအနှံ့ သတိမူမှု မြင့်တက်လာရေးအတွက် တက်ကြွလှုပ်ရှားသော အသက် ၁၆ နှစ်အရွယ် လူငယ်မိန်းကလေးတစ်ဦး ပေါ်ထွက်လာခဲ့သည်။ သူ၏အမည်မှာ ဂရီတာသွန်းဘတ်(ဂ်)(Greta Thunberg) ဖြစ်ပြီး ဆွီဒင်လူမျိုးဖြစ်သည်။ သူသည် ရာသီဥတုပြောင်းလဲမှုအပေါ် ဆောင်ရွက်မှုအားနည်းခြင်းအတွက် တက်ကြွလှုပ်ရှားခဲ့မှုကြောင့် ချီးကျူးလေးစားခြင်းခံခဲ့ရသည်။

ဂရီတာသွန်းဘတ်(ဂ်)၏ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားခဲ့သည်။ သူ့ကို ထူးချွန်ထင်ရှားသော လူငယ်တစ်ဦးအဖြစ် လူအများက သတိမူမိလာကြသည်။ ဂရီတာကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ မွေးဖွားခဲ့သည်။

သူသည် ၁၅ နှစ်အရွယ်တွင် ကျောင်းမှထွက်ခဲ့ပြီး ပိုမိုပြင်းထန်သော ရာသီဥတု ဆောင်ရွက်မှုအတွက် ဆွီဒင်ပါလီမန်ပြင်ပ၌ အခြားကျောင်းသားများနှင့်အတူ “Fridays For Future” အမည်ဖြင့် ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုညီလာခံတွင် သွန်းဘတ်(ဂ်) မိန့်ခွန်းပြောကြားခဲ့သည်။ ကမ္ဘာ့နေရာတိုင်းတွင် အပတ်စဉ်ကျောင်းသားသပိတ်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။ သူသည် ဖြောင့်ကျကျနှင့် အရှိကိုအရှိအတိုင်း ပြောဆိုသော အပြုအမူကြောင့် လူသိများလာခဲ့သည်။ အမှန်အားဖြင့် သူသည် နိုင်ငံရေးခေါင်းဆောင်များနှင့် လွှတ်တော်တွင်လည်းကောင်း၊ အများပြည်သူရှေ့တွင်လည်းကောင်း ယင်းသို့ပြောဆိုမှုကြောင့် လူသိများလာခြင်း ဖြစ်သည်။ သူ့မိန့်ခွန်းတွင် “ရာသီဥတုအကျပ်အတည်း” ကို ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ် မေလတွင် တိုင်းမ်မဂ္ဂဇင်း (Time Magazine) ၏ မျက်နှာဖုံး၌ သွန်းဘတ်(ဂ်)ကို ဖော်ပြခဲ့ပြီး သူ့ကို မျိုးဆက်သစ်ခေါင်းဆောင် (Next Generation Leader) ဟု အမည်ပေးခဲ့သည်။ လူအတော်များများက သူ့ကို စံနမူနာထိုက်သူတစ်ဦးအဖြစ် မှတ်ယူသိမြင်ခဲ့ကြသည်။ သွန်းဘတ်(ဂ်) ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းကို “Make the World Greta Again”ဟု ခေါင်းစဉ်တပ် ဖော်ပြခဲ့ကြသည်။ ထို့ပြင် အချို့မီဒီယာများက သူ၏ အကျိုးသက်ရောက်မှုကို “Greta Thunberg Effect” ဖော်ပြခဲ့ကြသည်။

သွန်းဘတ်(ဂ်)၏ ဘဝကို လေ့လာကြည့်လျှင် ၂၀၁၁ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကို သူပထမဆုံး ကြားသိခဲ့ရသည်။ ထိုစဉ်က သူသည်ရှစ်နှစ်အရွယ်သာရှိသေးပြီး ရာသီဥတုပြောင်းလဲမှုအကြောင်း နားမလည်သေးချေ။ သုံးနှစ်အကြာတွင် သူသည် စိတ်ဓာတ်ကျပြီး ပြောဆိုခြင်းနှင့် စားသောက်ခြင်းများ မပြုလုပ်တော့ချေ။ သွန်းဘတ်(ဂ်)က မိသားစု၏ Carbon Footprint ကို နည်းပါးသွားစေရန် နှစ်နှစ်ကြာကြာ သူ့မိဘများကို စိန်ခေါ်ခဲ့သည်။ သွန်းဘတ်(ဂ်)သည် သူ့မိဘများ၏ နောက်ဆုံးတုံ့ပြန်မှုများ၊ သူ၏ မျှော်လင့်ချက်နှင့် ယုံကြည်ချက်ကို ပေးခြင်းတို့နှင့်အတူ ဘဝနေထိုင်မှုပုံစံများ ပြောင်းလဲမှုကို ပြသခဲ့သည်။ သူ့မိသားစု၏ ဇာတ်လမ်းကို ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Scenes From the Heart စာအုပ်တွင် ဖော်ပြခဲ့သည်။

သွန်းဘတ်(ဂ်)သည် သူ၏ ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှု မိန့်ခွန်းများကို စုပေါင်းပြီး ၂၀၁၉ ခုနှစ် မေလတွင် “No one is Too Small to Make a Difference” စာအုပ်ကို ထုတ်ဝေခဲ့သည်။ စာအုပ်မှ ရရှိသော ဝင်ငွေများကို ပရဟိတအဖွဲ့သို့ လှူဒါန်းခဲ့သည်။ သွန်းဘတ်(ဂ်) ဘဝတွင် ထူးခြားသောလှုပ်ရှားမှု တစ်ခုမှာ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် သွန်းဘတ်(ဂ်)သည် ဗြိတိန်နိုင်ငံ ပလိုင်းမောက်(တ်)မြို့မှ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ဆိုလာပင်နယ်များနှင့် ရေအောက်တာဘိုင်စက်များ တပ်ဆင်ထားသည့် ပြိုင်ပွဲဝင်ရွက်လှေဖြင့်သွားခဲ့သည်။ ယင်းခရီးစဉ်က ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများလျှော့ချခြင်း၏ အရေးပါမှုအပေါ် ယုံကြည်မှုများကို သရုပ်ပြသည့်အနေဖြင့် ကြေညာသည်။ ယင်းခရီးစဉ်သည် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၁၅ ရက် ကြာမြင့်ခဲ့သည်။ အမေရိကတွင်ရှိနေစဉ် သူသည် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

သွန်းဘတ်(ဂ်) ဘဝတွင် ဂုဏ်ပြုခံရခြင်းနှင့် ဆုများချီးမြှင့်ခံရမှုများ ရရှိခဲ့သည်။ သူသည် ၂၀၁၈ ခုနှစ်အောက်တွင် လူငယ်များအတွက် ရာသီဥတုဆိုင်ရာ Svenska Dagbladet ၏ စကားရည်လုပွဲ ဆောင်းပါးရေးသားခြင်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် သွန်းဘတ်(ဂ်) ကို Young Role Model of the Year ၏ Fryshuset ပညာသင်ဆု ချီးမြှင့်ခဲ့ရသည်။ တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့အလွှမ်းမိုးဆုံး ဆယ်ကျော်သက် ၂၅ ဦးတွင် သွန်းဘတ်(ဂ်) ပါဝင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဂျာမန် Goldene Kamera အထူးရာသီဥတု ကာကွယ်ရေးဆုကို သူလက်ခံရရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် တိုင်းမ်မဂ္ဂဇင်းက “၂၀၁၉ ခုနှစ်၏ အလွှမ်းမိုးဆုံးပုဂ္ဂိုလ် ၂၀၀”တွင် သူ့အမည်ကို ထည့်သွင်းဖော်ပြခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် “Ambassader of Consience Award” ကို ရရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးဖြစ်သော သွန်းဘတ်(ဂ်)က “ယင်းဆုရရှိခြင်းသည် “Friday’s for the Future”ဟု အမည်ပေးထားသော လှုပ်ရှားမှုကိုအတူတကွပါဝင်လှုပ်ရှားခဲ့ကြသော ကမ္ဘာအနှံ့အပြားမှ လူငယ်များနှင့် သန်းပေါင်းများစွာသော လူငယ်များအတွက်ဖြစ်သည်”ဟု ဆိုပါသည်။

**တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့အလွှမ်းမိုးဆုံး ဆယ်ကျော်သက် ၂၅ ဦးတွင် သွန်းဘတ်(ဂ်) ပါဝင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဂျာမန် Goldene Kamera အထူးရာသီဥတု ကာကွယ်ရေးဆုကို သူလက်ခံရရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် တိုင်းမ်မဂ္ဂဇင်းက “၂၀၁၉ ခုနှစ်၏ အလွှမ်းမိုးဆုံးပုဂ္ဂိုလ် ၂၀၀”တွင် သူ့အမည်ကို ထည့်သွင်းဖော်ပြခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် “Ambassader of Consience Award” ကို ရရှိခဲ့**

[Ref: Greta Thunberg, Wikipedia]



# အပူဒဏ်ခံနိုင်ရန် မြန်မာ့ရိုးရာသနပ်ခါး

လမ်းအတွင်း ဖြတ်သန်းသွားကြသော ကျောင်းသား ကျောင်းသူများကို သနပ်ခါးအဖွေးသားနှင့်တွေ့ရ၍ စိတ်ချမ်းမြေ့မိသည်။ နံနက်ခင်းကတည်းက သနပ်ခါးထူလပျစ်ဖြင့် ဈေးရောင်းနေကြသူ အမျိုးသမီးကြီးငယ်များ၏ပါးတွင် ညနေစောင်းသည့်တိုင် သနပ်ခါးပါးကွက်ကျား ကျန်နေသေးသည်ကို မြင်ရ၏။ သနပ်ခါးကို လူကြီးလူငယ်မရွေး လိမ်းကြသည်။ ဆင်းရဲချမ်းသာမရွေးလိမ်းကြသည်။ ကြိုက်နှစ်သက်ကြသေးသည်။

ရွှေဘိုသိရိမာလာ





တစ်ခါက ကျွန်မအအမေရိကန်ရောက်စဉ် အမျိုးသမီးတစ်ဦး သနပ်ခါးလိမ်းထားသည်မြင်၍ ဟုတ်၊ မဟုတ် မေးမြန်းကြည့်ရာ "ကျွန်မက မြန်မာပြည်မွေး တရုတ်အမျိုးသမီးပါ၊ ဒါမြန်မာ့သနပ်ခါးလို့ ခေါ်တယ်။ အသားအရေလှပြီး ကျန်းမာရွှင်လန်းတယ်" ဟုဖြေဆိုရာ ကျွန်မမှာ မြန်မာပြည်သူဟု မပြောရဲဘဲ မျက်နှာကမိတ်ကပ်ကို ယောင်ယမ်းစမ်းမိ၍ ရှက်မိခဲ့သေးသည်။ တေးသွားတစ်ခုကို ညည်းနေမိသည်။ "ရွှေဘို သနပ်ခါးတုံးများ ... ရန်ကုန်လိမ်းဖို့ယူ ... ဘယ်လိုအသားမည်းမည်း ... ဝါဝါညက်ညက်ဖြူ ... ပုစွန်တောင် ကြည့်မြင်တိုင်သူနဲ့ ... မန္တလေးမြို့တော်သူ ... ရွှေဘိုသနပ်ခါးလိမ်းရင်ဖြင့် စိမ့်စိမ့်ညက်ညက်ဖြူ ... ။"

နန်းတော်ရှေ့ ဆရာတင်ရေးစပ်၍ မန္တလာမြင့် သီဆိုခဲ့သလို ကိုအံ့ကြီးကလည်း သီဆိုခဲ့သည်။ ရွှေဘိုသနပ်ခါးသီချင်းကို သနပ်ခါးသွေးတိုင်း ဘွားဘွားသီဆိုသဖြင့် ကျွန်မတို့သည် နားတွင်စွဲကျန်ရစ်သည်။ ဘွားဘွားသည် သနပ်ခါးကြိုက်နှစ်သက်သလို နောင်သောအခါ ကျွန်မတို့လည်း သနပ်ခါးကြိုက်ရကောင်းမှန်းသိလာသည်။ ဘွားဘွားမျက်နှာသည် သနပ်ခါးအသွေးအရောင်ဖြင့် ဝင်းပနေသည်။ ကျွန်မအထင် ဘွားဘွားမျက်နှာတွင် နာရီဝက်တစ်ခါလောက် သနပ်ခါးလိမ်းနေသည်ဟု ထင်မိသည်။ မျက်နှာသစ်လျှင်လည်း ချက်ချင်းသနပ်ခါးပြန်လိမ်းလေ့ရှိသည်။ ညဦးနက်သန်းခေါင်တွင်လည်း ဘွားဘွား၏ သနပ်ခါးသွေးသံကြားနေရသည်။

### အမျိုးသမီးတိုင်း စွဲလမ်းနှစ်သက်ကြ

ဘွားဘွားက ခေါင်းမူးလျှင် သနပ်ခါးကိုသွေး၍ နှာခေါင်းနားတစ်ဝိုက်ရှူသည်။ အနာအဆာလေးများရှိလျှင် သွေး၍သောက်သည်။ မန်းနိုင်သည်ဟု ဆိုသည်။ ဘွားဘွားနေမကောင်းလျှင် "ရင်တွေပူလွန်းလို့ သနပ်ခါးလေးသွေးပြီး ရင်ဘတ်ပေါ် ပုံပေးစမ်းမြေးရယ်..." ဟု ဆိုတတ်သည်။ သနပ်ခါးကို ကျွန်မ၏ ဘွားဘွားခုံမင်နှစ်သက်သကဲ့သို့ ကျွန်မတို့ အမျိုးသမီးတိုင်းလည်း စွဲလမ်းနှစ်သက်ကြသည်။ နံနက်အိပ်ရာမှထလျှင် မျက်နှာသစ်ပြီး သနပ်ခါးတုံးမွှေးမွှေးလေး ကျောက်ပြင်ထက်တွင် သွေးလိမ်းကြသည်။ ရနံ့သင်း၍ အသားအရေဝင်းပကြည်လင်စေသဖြင့် မြင်ရသူအားဘဝင်အေးစေပြီး လတ်ဆတ်ရွှင်လန်းစေသည်။ သနပ်ခါးလိမ်းထားရလျှင် စိတ်ကြည်လင်၍ ယဉ်ကျေးလှပသောအသွင်ကို ဆောင်စေသဖြင့် လူတိုင်းနှစ်သက်ကြသည်။

သနပ်ခါးကို ပျိုအိုမရွေး နှစ်သက်ကြသလို အလုပ်သမားများ၊ လယ်သူမများသည် နေလောင်ခြင်းဒဏ်ကို ကာကွယ်နိုင်စေရန်အလို့ငှာ သနပ်ခါးကို စွဲစွဲမြဲမြဲလိမ်းကျံကြသည်။ ပါးကွက်ကျားကလေးများ လိမ်းကြသည်။ သို့မှသာ အသားပတ်ခြင်း၊ နေလောင်၍ အသားညိုညိုမောင်းမောင်းဖြစ်ခြင်း၊ တင်းတိပ်စွဲခြင်းများမှ ကာကွယ်နိုင်လေသည်။

သနပ်ခါးကို စိတ်လက်ပျော်ရွှင်ရန်သော်လည်းကောင်း၊ အလုပ်မှ ငြီးငွေ့မှုနှင့် ချွေးနံ့ပပျောက်ရန်သော်လည်းကောင်း လိမ်းကျံကြသည်။ ကျွန်မတို့ အလှူ မင်္ဂလာဆောင်သွားရာတွင် မိတ်ကပ်များ လိမ်းလာလျှင် ဘွားဘွားက "ပြန်လာရင် ဆပ်ပြာနဲ့ မျက်နှာသစ်ပြီး သနပ်ခါးရေကျဲလေးလိမ်းထားသမီးတို့၊ သူတို့မိတ်ကပ်က ဓာတုဗေဒပစ္စည်းတွေနဲ့ လုပ်ထားတော့ အခိုးအငွေ့ပိတ်၊ အဆီပိတ်နဲ့ တော်တော်ကြာ အသားအရေခန်းခြောက်ပြီး တင်းတိတ်စွဲ ... ဝက်ခြံပေါက်နဲ့ ... မျက်နှာလည်း ပူသေးတယ်၊ သနပ်ခါး အမြဲလူးရင် အသားအရေလေးကို ဝင်းကြည်နုညက်လာလိမ့်မယ် ..." ဟု မကြာခဏပြောဖူးသည်။

မိတ်ကပ်ကြာကြာလိမ်းထားလျှင် ကျွန်မတို့ မျက်နှာ ပူလောင်တင်းကျပ်လာသည်။ ထို့ကြောင့် သနပ်ခါးကို ပြန်လိမ်းကြရသည်။ သင်္ကြန်ရေသဘင်မဏ္ဍပ်တွင် သုံးရက်လောက် မိတ်ကပ်လိမ်း၍ ရေကစားလျှင် အသားမွဲခြောက်ခြောက်ဖြစ်နေ၍ ပြန်လည်အသားမှန်ရန် သနပ်ခါးကို ထူထူပိန်းပိန်း နေ့စဉ်လိမ်းကြရသည်။

သနပ်ခါးအမျိုးမျိုးရှိရာတွင် ရွှေဘိုသနပ်ခါးသည် အကျော်ကြားဆုံးဖြစ်သည်။ သနပ်ခါးဟုဆိုလျှင် ရွှေဘိုပါမှပြည့်စုံပေမည်။ ရွှေဘိုနယ်မှ ထွက်သော သနပ်ခါးသည် မာကျစ်သော ကျောက်စရစ် မြေနီကြောမှပေါက်သဖြင့် အသားသိပ်သည်းမာကျစ်ပြီး နီကြင့်ကြင့်အပွေးများဖြင့် အသွေးခံသည်။ ရနံ့မွှေးကြိုင်သည်။ နီရဲအက်ကွဲသော အပွေးများရှိသော ကျောက်စရစ်မြေမှထွက်သည့် သနပ်ခါးသည် နှစ်ထပ်ပွေး၊ သုံးထပ်ပွေးဟူ၍လည်းရှိသည်။ သုံးထပ်ပွေးသည် အပွေးထူ၍ အကောင်းဆုံးဖြစ်ပြီး တစ်ထပ်ပွေးသည် အပွေးပါးလျား၍ အသွေးမခံပေ။ သနပ်ခါးအဖိုအမဟူ၍ နှစ်မျိုးနှစ်စားရှိရာ အမသည် ပို၍သင်းပျံ့မွှေးကြိုင်ပြီး အဖိုသနပ်ခါးတုံးသည် အမသနပ်ခါးလောက် ရနံ့မသင်းပေ။

ဦးသာလှ၏ မြန်မာ့သနပ်ခါးစာစောင်တွင် နာမည်ရတော်ဝင်သနပ်ခါးသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တော်က ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ပိုင် ရော၀တီမြစ်၏ အနောက်ဘက်ကမ်း သီဟတောဘုရား၏ အနောက်ဘက်ကမ်း သီဟတောဘုရား၏ အောက်ဘက်နှစ်မိုင်ခန့်အကွာတွင် ရှေးက "သိန်းကတောနယ်မြေ" ဟု ခေါ်တွင်သော နယ်မြေတစ်ကွက်ရှိသည်။ သီဟတောဘုရားနယ်ပယ်လှူဒါန်းရန်အတွက် ရွှေကြိုးသတ်မှတ်ရာတွင် ဘုရားဝတ္ထုကံမြေအတွင်း မပါရှိသဖြင့် ကွက်ကျန်နေသည့်အတွက် "တကွက်" ဟု ခေါ်တွင်ခဲ့သည်။ ယခု ကာလရွေ့လျောသဖြင့် "ကဗွက်" ဟု ခေါ်တွင်သောရွာ ဖြစ်နေသည်။ ထိုနယ်မြေမှ အလောင်းမင်းတရားကြီးလက်ထက်တွင် အကောင်းဆုံးသနပ်ခါး နန်းသုံးတော်ဝင်သနပ်ခါးထွက်သည်ဟု ရွှေနန်းတော်ကြီးက အသိအမှတ်ပြုခြင်းခံရသည့် အထောက်အထားများလည်းရှိခဲ့ပေသည်။

ထိုနယ်မြေအနီးတစ်ဝိုက်တွင် ပေါက်ရောက်သော သနပ်ခါးသည် အပွေးနီဝါရောင်ရှိ၍ ရနံ့အလွန်မွှေးထုံသည်။ ထို့ကြောင့် သိန်းကတောနယ်မြေ တိုက်သူကြီးက သနပ်ခါးများကို ခုတ်ယူစုဆောင်းပြီးလျှင် ပြည်ရွှေဘိုနန်းတော်ကြီးသို့ ထာ၀စဉ်သွင်းရသည်ဟုဆိုပေသည်။ ယခုအခါ ထိုနယ်မြေမှ သနပ်ခါးများသည် အမြစ်ပါမကျန်အောင် ပြုတ်ပြုတ်ပြုန်းခဲ့ချေပြီ။ လက်ညှိုးအရွယ်လောက်ပင်ရှားလှသည်။

### ခြံကြီးများနှင့် စိုက်ပျိုးကြ



သို့သော်ရွှေဘိုနယ်တွင် အခြားကျောက်စရစ်မြေများကလည်း သနပ်ခါးထွက်သေး၍ နာမည်ကြီးနေသေးသည်။ ယခုအခါ သနပ်ခါးပင်များကို ခြံကြီးများနှင့် စိုက်ပျိုးကြသည်။ ရွှေဘိုမြေမှထွက်သော သနပ်ခါးသည် ဆင်စွယ်ရောင်ကဲ့သို့ ဖြူဝါဝါဖြစ်သည်။ သွေးလိုက်လျှင် ရနံ့သင်းကြိုင်ပြီး အနည်းငယ်စေးညက်သည်။ လျှာနှင့်တို့ကြည့်လျှင် အခြားနယ်မှထွက်သော သနပ်ခါးထက်အခါးလေးသည်။ ရှင်မတောင်သနပ်ခါးသည် မြေလတ်ပိုင်းမှထွက်၍ ဗိဿနိုးမင်းသမီးလိမ်းခဲ့သော သနပ်ခါးဟူ၍ နာမည်ကြီးသည်။ အောက်အရပ်တွင်လည်း အသုံးများသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ဆည်၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ မုံရွာ၊ အရာတော်နယ်များမှ ပျိုး၍ ခြံကြီးဖြင့် စိုက်ပျိုးကြသဖြင့် ထွက်ကုန်များသည်။ ထိုသနပ်ခါးများသည် ရွှေဘိုသနပ်ခါးထက် အနည်းငယ်အဖြူရောင်လုပြီး ရွှေဘိုသနပ်ခါးလို မညက်ညော။ သွေးလိုက်လျှင် အနည်းငယ်ဖွာပြီး ရနံ့သင်းရုံပင်ရှိသည်။ ရွှေဘိုသနပ်ခါးသည် အနည်းငယ်အဝါရောင်သန်းပြီး ခပ်စေးစေးနှင့် ညက်ညောပြီး ရနံ့သင်းကြိုင်လွန်းသဖြင့် ရွှေဘိုသနပ်ခါးလိမ်းသူများသည် ရွှေဘိုသနပ်ခါးလိမ်းရမှ ကျေနပ်နှစ်သိမ့်ကြသည်။ သို့သော် ရွှေဘိုသနပ်ခါးသည် အသုံးများလွန်း၍ ထွက်ရှိမှုနှင့် လုံလောက်ခြင်းမရှိပေ။



ရွှေဘိုနယ်အရှေ့ဘက် သပိတ်ကျင်း၊ တကောင်း၊ ကြာညှပ်တွင် အလွန်ကြီးသော မြိုင်သနပ်ခါးပင်ရှိသည်။ အချို့က သီဟတောနယ်မြေတစ်လျှောက် ပေါက်၍ သီဟရာဇာသနပ်ခါး (ဝါ) မြိုင်သနပ်ခါးဟုခေါ်သည်။ အပင်ကြီးလွန်း၍ ခွဲခြမ်းများ လုပ်ရောင်းကြသည်။ သွေးလိုက်လျှင် အဝါရောင်ထွက်ပြီး အနံ့ အနည်းငယ်သာရှိသည်။ ခပ်စေးစေးနှင့် ညက်ညောသည်။ မြေပွတွင်ပေါက်သော သနပ်ခါးသည် အပွေးပျော့၍ အသွေးမခံပေ။ ကျောက်စရစ်ကုန်းမြေတွင် ပေါက်သောသနပ်ခါးသည် အပွေးမာကျစ်၍ အသွေးခံသည်။

စာမျက်နှာ ၂၃ သို့ ○

## ကြံခင်း၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့ သတ်မှတ်ပြီး အသိပညာပေး



ကြံခင်း ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကြံခင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ရာ ယနေ့နံနက် ၈ နာရီက ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ဘက်ရဲဈေးအတွင်းအပြင် ဈေးရောင်းဈေးဝယ် ပြည်သူများအား အသိပညာပေး ဆောင်ရွက်ကြသည်။

ကြံခင်းမြို့နယ်တွင် "ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကိုရှောင်ကြဉ်စို့"ဆောင်ပုဒ်နှင့်အညီ ဈေးရောင်းဈေးဝယ်ပြည်သူများ အသားငါးများနှင့် ဟင်းသီးဟင်းရွက်များ စသည့် အသုံးဆောင် ပစ္စည်းများအား ပလတ်စတစ်အိတ်အစားကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူများ၊ ချိုင့်များ၊ ဆွဲခြင်း စသည့် ပစ္စည်းများဖြင့် အစားထိုး သုံးစွဲတတ်စေရန် အသိပညာပေးသည်။

အဆိုပါ အသိပညာပေးခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ပူးပေါင်းပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘားအံမွေးမြူရေးဇုန်၌ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

ဘားအံ ဩဂုတ် ၂၈

ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင် မြင့်ဟန်ဦးဆောင်သော အဖွဲ့သည် တောင်သူများ၏ မွေးမြူထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် မွေးမြူရေးခြံများတွင် ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါ ကာကွယ်ရေး အသိပညာပေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဩဂုတ် ၂၈ ရက်က ဘားအံမွေးမြူရေးဇုန်တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဘားအံမွေးမြူဇုန်ရှိ နွားမွေးမြူရေးခြံများတွင် နွားမများ ဗီးရှိ/မရှိစမ်းသပ်ပေးခြင်း၊ အားဆေးများ ထိုးနှံပေးခြင်း၊ ဆိတ်မွေးမြူရေးခြံများတွင် ဆိတ်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ဥစားကြက်နှင့် အသားစား ဒေသကြက်မွေးမြူရေးခြံများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့အပြင် မွေးမြူရေးခြံများရှိ တိရစ္ဆာန်များတွင် ရာသီအလိုက်ဖြစ်ပွားတတ်သည့်ရောဂါများနှင့် ကူးစက်ရောဂါကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပွင့်ဖြူ၌ အရိပ်ရပျိုးပင် ၄၀၀၀၀ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနက ယခု ၂၀၂၂ - ၂၀၂၃ မိုးရာသီတွင် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ကျွန်း၊ မဲဇလီ၊ ခရေ၊ သစ်စိမ့်၊ တမာ၊ စိန်ပန်း၊ ကုက္ကို၊ ဝါး၊ မြန်မာကုက္ကို၊ ယူကလစ် စသည့် အရိပ်ရပျိုးပင်စုံ ၄၀၀၀၀ အား ယခုလ တတိယပတ်တွင် အခမဲ့ဖြန့်ဝေ စိုက်ပျိုးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ယခု ၂၀၂၂ - ၂၀၂၃ မိုးရာသီတွင် မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် သာယာလှပစိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရေးအတွက် လူထုဖြန့်အစီအစဉ်ဖြင့် အခမဲ့အရိပ်ရပျိုးပင်များ ဖြန့်ဝေပေးခြင်းကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများထံ ကျွန်းပင် ၃၀၀၀၊ မဲဇလီပင် ၂၀၀၀၊ ခရေပင် ၂၀၀၀၊ သစ်စိမ့်ပင် ၅၀၀၀၊ တမာပင် ၁၅၀၀၊ စိန်ပန်းပင် ၅၀၀၊ ကုက္ကိုပင် ၂၀၀၀၊ ဝါးပင် ၃၀၀၊ မြန်မာကုက္ကိုပင် ၁၀၀၀၊ ယူကလစ်ပင် ၂၂၇၀၀ စုစုပေါင်း အရိပ်ရပျိုးပင်စုံ ၄၀၀၀၀ အား ဇူလိုင်လမှစ၍ အခမဲ့ဖြန့်ဝေပေးပြီး အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၈ ရက်တွင် စိုက်ပျိုးဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မော်ထံမှ သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ)

○ စာမျက်နှာ ၂၂ မှ

သနပ်ခါးမြစ်ကို ခုံခုံမင်မင်လိမ်းသော မိန်းကလေးများလည်းရှိကြသည်။ သနပ်ခါးမြစ်သည် အဝါရောင်များ၍ ကနုကမာ၊ မုတ်ခွံစသည်များဖြင့် ရောသွေးလိမ်းကြသည်။ ပင်စည်အပွေးထက်ပို၍ စေးထန်းပြီး အသားကိုပို၍အေးစေသည်။ အသားအရေပို၍ ဝင်းပသည်ဟု အစွဲရှိကြသည်။ ပို၍ခါးသက်ပြီး မျက်နှာပေါ်မှ အဖုအပိမ့်နှင့် ဝက်ခြံများကို ပျောက်စေသည်ဟုဆိုသည်။ ကိုယ်ပေါ်တွင် ယားယံသောအခါ ဆားအနည်းငယ်ထည့်၍ တစ်ကိုယ်လုံး လိမ်းကြသည်။ သနပ်ခါးမြစ်သည် ဆေးဖက်ဝင်ပစ္စည်းဖြစ်ပါသည်။

### သနပ်ခါးခဲ

သနပ်ခါးကို စက်ဖြင့်သွေး၍ စစ်ပြီးလျှင် အခဲများပြုလုပ်ကြသည်။ သနပ်ခါးတုံး အချိန်တစ်ပိဿာသွေးလျှင် သနပ်ခါးအနှစ် နှစ်ပိဿာရသည်။ ယင်းကို ပိတ်ဖျင်ဖြင့် ရှူးအိတ်ဖြင့်စစ်ရသည်။ အဝိုင်းခဲ၊ လေးထောင့်ခဲလေးများပြုလုပ်၍ အခြောက်လှန်းသောအခါ ရှစ်ဆယ်သားခန့်ရသည်။ အချို့က သနပ်ခါးခဲကို မြေဝါကျစ်မြေစေးများထည့်၍ ပြုလုပ်ကြသည်။ သနပ်ခါးစစ်စစ်ဖြင့် ပြုလုပ်သော သနပ်ခါးခဲသည် ပေါ့ပါးသည်။ အများအားဖြင့် သနပ်ခါးခဲတွင် အပွေးရော အတွင်းအူပါထည့်၍ သွေးကြသည်။

### သနပ်ခါးမှုန့်

သနပ်ခါးမှုန့်သည် သနပ်ခါးတုံးကို ဓားဖြင့်ခုတ်၍ နေလှန်းပြီး အမှုန့်ကြိတ်ထားခြင်းဖြစ်သည်။ အမြစ်တုံးကို ကြိတ်ထားသောအမှုန့်သည် အဝါရောင်အမှုန့်ဖြစ်၍ အဖြူနုတုံးကို ကြိတ်သောအမှုန့်သည် အဖြူရောင်ဖြစ်သည်။ အနုတုံးဆိုရာတွင် အပွေးနုဖြူဖြူလေးများကို ဓားဖြင့်ခွာ၍ နေလှန်းပြီး အမှုန့်ကြိတ်ကြသည်။ သနပ်ခါးမှုန့် အကောင်းဆုံးမှာ လေမှုန့်ခေါ် လေဖြင့်ကြိတ်ဆုံဘေး လွင့်ကပ်နေသော အမှုန့်ဖြစ်ပြီး အနုးညံ့ဆုံးဖြစ်သည်။ သနပ်ခါးသွေးလိမ်းပြီးလျှင် တို့ပတ်ဖြင့် သနပ်ခါးစစ်စစ်မှုန့်ကို မျက်နှာပုတ်ကြသည်။ မျက်နှာအခိုးပွင့်၍ အေးမြသည်။ အညာမှ အမျိုးသားများသည်လည်း စနိုးခံ၍ သနပ်ခါးစစ်မှုန့်ကို ပုတ်ကြသည်။ မျက်နှာပြောင်၍ အဆီပြန်ခြင်း သက်သာစေသည်။ ပေါင်ဒါမိတ်ကပ်ကဲ့သို့မျက်နှာပူ၍ ပျင်းတွဲတွဲမရှိပေ။ သနပ်ခါးအတုများသည်လည်း ရှိပေသေးသည်။

သနပ်ခါးအတုဆိုသည်မှာ သစ်ပလွေတုံးကို ဖြတ်၍ သနပ်ခါးတုံးအဖြစ်ရောင်းကြသည်။ တူလည်းအလွန်တူသည်။ သို့သော် သွေးကြည့်လျှင် အရောင်ညိုညစ်၍ သနပ်ခါးနံ့မရပေ။ သနပ်ခါးသည်မွှေး၍ လျှာနှင့်တို့ကြည့်လျှင် ခါးသည်။ အချို့ကလည်း သနပ်ခါးအနုတုံးများကို မြေနီနှင့် ရှားစေးများရော၍ ခြယ်သသဖြင့် အပွေးရင့်နေသရောင်ထင်ရသည်။ သို့သော် သစ်ပလွေခေါက်ထက်စာလျှင် တော်ပေသေးသည်။ ကျွန်မသည်ငယ်စဉ်က ဘွားဘွားသနပ်ခါးသွေးရင်းဆိုခဲ့သော ရွှေဘိုသနပ်ခါးသီချင်းကို သတိရနေမိသေးသည်။

"......တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆကွာလိမ့်မယ်..... သနပ်ခါးဆို ပြည်ဗဟိုက ရွှေဘိုသနပ်ခါးမှ ညက်တယ်....... ညက်တယ်" ဟု သနပ်ခါးသွေးရင်းဆိုမိသည်။ တကယ်တော့ မြန်မာအမျိုးသမီးများသည် နိုင်ငံခြားဖြစ် မိတ်ကပ်ကို အထင်ကြီးစွာသုံးစွဲမည့်အစား မြန်မာ့ငွေယိုပေါက်ကို ပိတ်သည့်အနေဖြင့် မြန်မာ့သနပ်ခါးကို စွဲစွဲမြဲမြဲသုံးသင့်သည်။ သနပ်ခါးသည် သဘာဝသစ်ခေါက်ရည်ဖြစ်သဖြင့် လှပယဉ်ကျေးရုံသာမက စိတ်ကြည်လင်ချမ်းမြေ့ခြင်း၊ ကျန်းမာရေးအတွက်ပါ ကိုယ်သားကိုယ်ရေအေးခြင်း၊ အခိုးအဆီပွင့်ခြင်း၊ အသားအရေစိုပြည်ဝင်းပခြင်း၊ ရေမွှေးလွတ်၍ ရနံ့သင်းပျံ့ခြင်း စသည့်အကျိုးကျေးဇူးများ ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင်ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့်ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်၊ ဝက်များရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## နောက်ကျသွင်းဂိုးတွေနဲ့ ဖူလ်ဟမ်အသင်းကို အနိုင်ရပြီး ရှုံးပွဲမရှိ စံချိန်နဲ့အတူ ဇယားထိပ်ကို ဦးဆောင်နေတဲ့ အာဆင်နယ်

နည်းပြအာတီတာ တာဝန်ယူကိုင်တွယ်လျက်ရှိတဲ့ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့စနေနေ့ည (ဩဂုတ် ၂၇ ရက်)နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖူလ်ဟမ်အသင်းနဲ့ ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းကို ဦးဆောင်ဂိုး စတင်ခွင့်ပြုပေးခဲ့ရပြီး နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာကြောင့် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့မှုနဲ့အတူ ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်း ပွဲကစားချိန် ၅၆ မိနစ်မှာတော့ ဧည့်သည်ဖူလ်ဟမ်အသင်းက မီထရိုဗစ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းကတော့ ပွဲကစားချိန် ၆၄ မိနစ်မှာ အိုဒီဂတ်နဲ့ ၈၆ မိနစ်မှာ ဂါဘရီယယ်တို့ရဲ့ သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲကစားပြီးချိန်မှာ လေးပွဲစလုံး အနိုင်ရရှိခဲ့ကာ ရမှတ်စုစုပေါင်း ၁၂ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး ပရီမီယာလိဂ်ရာသီအစပိုင်းမှာ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

တန်းတက်ဖူလ်ဟမ်အသင်းကတော့ အခုပွဲစဉ်မှာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲကစားပြီးချိန်မှာ ရမှတ်ငါးမှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၁၁)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။





## ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ ပထမဆုံး ဟက်ထရစ်သွင်းဂိုးရှင် ဖြစ်လာတဲ့ ဟာလန်း

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ မန်စီးတီးအသင်းဆီကို ပြောင်းရွှေ့လာခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ဩဂုတ် ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ ပထမဆုံး ဟက်ထရစ်သွင်းဂိုးရှင် ဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန်အပြီးမှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်နေရာကနေ ဒုတိယပိုင်း သွင်းဂိုတွေနဲ့ မန်စီးတီးအသင်းက လေးဂိုး- နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဟာလန်းဟာ ပွဲကစားချိန် ၆၂ မိနစ်၊ မိနစ် ၇၀ နဲ့ ၈၁ မိနစ်တို့မှာ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုလို ဟက်ထရစ်သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူးဟာလန်းဟာပရီမီယာလိဂ် လေးပွဲကစားပြီးချိန်မှာ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် သွင်းဂိုးခြောက်ဂိုးနဲ့ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။ တိုက်စစ်မှူးဟာလန်းဟာ ပရီမီယာလိဂ်ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသလို မန်စီးတီးအသင်းကလည်း ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

### ဘောလုံးလောက သတင်းတိုများ

- *မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားခေါ်ယူမှုအတွက် ပေါင် သန်း ၁၀၀ သုံးစွဲသွားမှာဖြစ်တယ်လို့ သိရပါတယ်။*
- *အေဂျက်အသင်းဟာ မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ အသက် ၂၂ နှစ်အရွယ်ရှိ ဘရာဇီးတောင်ပံကစားသမား အန်တိုနီကို ပြောင်းရွှေ့ကြေးပေါင် ၈၄ ဒသမ ၈ သန်းအထိ ပေးဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။*
- *ချယ်လ်ဆီးအသင်းဟာ ဒိုင်နမိုမော်စကိုအသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ ရုရှားကွင်းလယ်ကစားသမား အာဆန်ဇာကာယန်ကို စာချုပ် ချုပ်ဆိုခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။*

## ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံတို့ အမေရိကန်အိုးပင်း နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

အမေရိကန်တင်းနစ်မယ် ညီအစ်မနှစ်ဦးဖြစ်တဲ့ ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံတို့ဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အဲဒီပြိုင်ပွဲဟာ ဆရီနာဝီလျံအတွက် တင်းနစ်မယ်ဘဝ နောက်ဆုံးပြိုင်ပွဲလည်း ဖြစ်လာမှာ ဖြစ်ပါတယ်။

အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲကို နယူးယောက်မြို့၌ ဩဂုတ် ၂၉ ရက်ကနေ စက်တင်ဘာ ၁၁ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး ဝီလျံညီအစ်မနှစ်ဦးဟာ အမျိုးသမီးနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွေမှာ ၁၄ ကြိမ်အထိ ဗိုလ်စွဲထားခဲ့ပြီး အိုလံပစ်ရွှေတံဆိပ်ဆု သုံးခု ဆွတ်ခူးထားတာ ဖြစ်ပါတယ်။

အသက် ၄၀ ရှိပြီဖြစ်တဲ့ ဆရီနာဝီလျံဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပြီးဆုံးချိန်မှာ တင်းနစ်မယ်ဘဝကနေ အနားယူဖို့ ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်။ အစ်မဖြစ်သူ ဗီးနပ်ဝီလျံကတော့ အသက် ၄၂ နှစ်ရှိပြီဖြစ်ပါတယ်။



ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံတို့ဟာ ၁၉၉၉ ခုနှစ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသမီးနှစ်ယောက်တွဲ ဂရန်းဆလမ်းဆုဖလားကို ပထမဆုံးအကြိမ် အတူတကွ ဆွတ်ခူးခဲ့ပြီး ၂၀၁၆ ခုနှစ်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ သူတို့ရဲ့ (၁၄)ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆရီနာဝီလျံဟာ တင်းနစ်မယ်ဘဝတစ်လျှောက်မှာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ၂၃ ကြိမ်အထိ ရယူဆွတ်ခူးထားပြီး ဗီးနပ်ဝီလျံကတော့ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ခုနစ်ကြိမ် ဆွတ်ခူးထားတာဖြစ်ပါတယ်။

## အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ဩဂုတ် ၂၉ ရက်မှာ စတင်ကျင်းပမယ့် အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်မှာမဟုတ်ဘူးလို့ သိရပါတယ်။

ဂျိုကိုဗစ်ဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးရသေးတာကြောင့် ဇန်နဝါရီလအတွင်းက ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ဆုံးရှုံးခဲ့ရပြီး ယခုအမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာလည်း ကာကွယ်ဆေးမထိုးရသေးတာကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့်ဆုံးရှုံးရဖို့ ရှိနေတာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ ၂၀၂၂ ခုနှစ် အောက်တိုဘာလကတည်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးရသေးတဲ့ ခရီးသည်တွေကို ပိတ်ပင်တားမြစ်ခဲ့တာလည်း ဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ မျှော်လင့်ထားပေမယ့် လက်ရှိအနေအထားအရ အဲဒီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်မှာမဟုတ်တော့ဘူးလို့ သူ့ရဲ့တွစ်တာစာမျက်နှာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ ယခုနှစ် ဇူလိုင်လအတွင်းက ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တာကြောင့် အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းချန်ပီယံဆုဖလားကို (၂၁)ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၂၆-၈-၂၀၂၂ ရက်နေ့မှအဆက်**

သူ၏ သစ်ကိုင်းခြောက်ပမာဖြစ်သော လက်တစ်ဖက်သည် ရှေ့သို့ထွက်လာသည်။ နန်းကိန္နရီ၏လက်ကို ဆုပ်ကိုင်ချင်ပုံရသည်။ နန်းကိန္နရီသည် ဒေါ်ခေမာ၏လက်ကို ဖမ်းယူဆုပ်ကိုင်လိုက်သည်။ ယင်းလက်မှာ တဆတ်ဆတ်တုန်နေကြောင်း တွေ့ရသည်။ ချွေးစေးဖြင့် အေးစက်နေသည်။

နန်းကိန္နရီ၏ရင်ထဲမှာ ဆို့လာသည်။ နင့်လာသည်။ တစ်ဆက်တည်းမှာလည်း တစ်ကြိမ်သော အခါက အကြောင်းများကို ပြန်လှန် သတိရလာသည်။ ကမ္ဘာအေးရပ်ကွက်ရှိ အိမ်ကလေးမှာတုန်းက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို အမှတ်ရသည်။ သည်စဉ်က ပစ်ပယ်ထွက်ပြေးခဲ့သည့်အဖြစ်သည်လည်းကောင်း၊ မိမိအနေနှင့် ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိသည့်အဖြစ်သည်လည်းကောင်း စိတ်အစဉ်မှာ ပြန်ပေါ်လာသည်။

ဟိုစဉ်ကတော့ မိခင်ဟူ၍ မသေချာခဲ့။ သူ၏ စိတ်မှာလည်း ယောက်ယက်ခတ်နေခဲ့သည်။ ပြီးလျှင် တကယ်တမ်းပြောရမည်ဆိုပါက ဒေါ်ခင်သန်းနွဲ့ဟူသည်ကို မိမိ၏ မိခင်တစ်ယောက်အနေနှင့် နှစ်သက်လက်ခံလိုခြင်းမရှိခဲ့သည်လည်း အမှန်ပင်။

ယခုလည်း ဖြစ်နိုင်မည်ဆိုလျှင်တော့ ရှေ့မှာရှိနေသူကို မိခင်မဖြစ်စေချင်။ အခြားသူတစ်ယောက်သာ ဖြစ်စေချင်သည်။ သို့ရာတွင် မည်သို့မျှရှောင်လွှဲ၍ မရနိုင်တော့ဘဲ မိခင်နှင့် မျက်နှာချင်းဆိုင်လိုက်ရလေပြီ။

မိခင်၏အဖြစ်ကလည်း ရင်နင့်စရာပါပဲကလား။ သူတော်စင်အဝတ်နှင့် သွေးလိမ်းကျံနေသောကိုယ်သည် နန်းကိန္နရီ၏စိတ်ကို များစွာပြောင်းလဲသွားစေသည်။ ဝေဒနာခံစားနေရရှာသည်ကို မြင်ရတော့လည်း ကရုဏာမသက်ဘဲ မနေနိုင်တော့။ အခြားသောအရာကို စဉ်းစား၍မရတော့။ မိခင်ပါကလားဟူသော စိတ်က စေ့ဆော်ကာ အရာရာကို မေ့လျော့သွားသည်။ အပြစ်အနာကိုလည်း မမြင်နိုင်။ မိခင်တော်ရသည်ကို ရှက်ရွံ့မိသည့်စိတ်သည်လည်း ပျောက်လွင့်သွားသည်။ ဆူသည်ကြုံသည်၊ နိမ့်သည်မြင့်သည်၊ ဆိုးသည်ကောင်းသည်ဆိုခြင်းမှာ အပယိကမျှသာ ဖြစ်သည်။ မိခင်ဟူသည် မိခင်ပါကလားဟု နန်းကိန္နရီ တွေးတတ်လာလေပြီ။ ကိုယ်တိုင်က မိခင်ဖြစ်နေခဲ့ပြီဖြစ်သောကြောင့်လည်း သည်အတွေးမျိုးကို တွေးတတ်လာခြင်း ဖြစ်ပေလိမ့်မည်။

"အမေ"

နန်းကိန္နရီသည် ဒေါ်ခေမာ၏ကိုယ်ကို တင်းတင်းကျပ်ကျပ်ကြီးပွေ့ယူကာ ရင်မှာအပ်ထားရင်းက ခေါ်လိုက်သည်။ ဒေါ်ခေမာထံမှ သွေးတို့သည် နန်းကိန္နရီထံ ကူးလူးပေကျံလာသည်။ ခေါ်သံကြောင့် မှိတ်လုဆဲမျက်ဝန်းသည် ပြန်ပွင့်လာသည်။ နန်းကိန္နရီ၏ခေါ်သံသည် ဒေါ်ခေမာအဖို့ ထူးကဲသောအရသာကို ပေးစွမ်းနိုင်ပုံရသည်။ ဒေါ်ခေမာ၏ မျက်နှာသည် ရွှင်ပျလာသည်။ ကျေနပ်နှစ်သိမ့်သွားသည်။ ပြုံးရိပ်သန်းသွားသည်။

ယခုတော့ တကယ်ပဲ သမီး၏နှုတ်မှခေါ်သံကို ကြားရပါပကော။ သမီး၏ နှစ်လိုစွာခေါ်သံကို နားနှင့်ဆတ်ဆတ် ကြားရပါပကော။ ဒေါ်ခေမာ၏ စိတ်သန္တာန်သည် မိုးစွန်တိမ်ဖျားသို့ မြင့်တက်သွားရသည့်နှယ် ရှိသည်။ ဘုံစဉ်ခုနစ်ဆင့် အထက်မှာ ဝဲပျံသွားရသည်သို့ ဖြစ်သည်။

တစ်သက်လုံး တောင့်တခဲ့ရသည့်အသံ၊ လိုလိုချင်ချင် အရှိဆုံးအသံကို ကြားရပါပြီ။ သမီးရဲ့ မျက်နှာကိုလည်း မြင်ရပြီ။ မြေးနှင့်လည်း ဆုံရပြီ။ မိခင်သန်းနွဲ့တို့ ကျေနပ်ပါပြီ။ အမေ သေပျော်ပါပြီ သမီးရယ်။ အမေ သေပျော်ပါပြီ။

ဒေါ်ခေမာသည် ရင်ထဲမှ ပြောနေမိသည်။

"သမီး"

ဒေါ်ခေမာက လိုလိုချင်ချင်ကြီး ခေါ်လိုက် သည်။

"အမေ"

နန်းကိန္နရီကလည်း လိုလိုချင်ချင်ပင် တုံ့ပြန်လိုက်သည်။

ဒေါ်ခေမာသည် ဝေဒနာကိုပြင်းစွာခံစားရဟန်ဖြင့် စုတ်သပ် ညည်းညူသည်။ ယခုအခါ သွေးတို့သည် နှာခေါင်းနှင့် ပါးစပ်မှ ထွက်ကျလာသည်။ နွယ်နွယ်ထွန်းက ဂွမ်းဖြင့် သုတ်ပေးနေရသည်။

ဒေါ်ခေမာ၏ရင်ထဲမှာ စိုးရိမ်ပူပန်မှုများ ပေါ်လာသည်။ သတိလစ်မတတ် ရှိနေရလင့်ကစား သည်အကြောင်းကို မမေ့နိုင်ဘဲရှိသည်။ ဤသည်မှာ မိမိကြောင့် သမီးဖြစ်သူ မျက်နှာငယ်ရမည့်အဖြစ်ကို တွေးမိခြင်းဖြစ်သည်။ လူတကာက နန်းကိန္နရီအား မိမိသမီးဖြစ်ကြောင်း သိသွားကြရပေပြီ။ သို့နှင့် အမျှ လူတကာတို့အလယ်မှာ နန်းကိန္နရီ သိက္ခာကျရတော့မည်၊ ဂုဏ်ငယ်ရတော့မည်။ အစကတည်းက သည်အဖြစ်ကို တွေးမိခဲ့သည်။ သည်အဖြစ်မျိုးမှ ရှောင်ကွင်းရန်လည်း သန္နိဋ္ဌာန်ချခဲ့သည်။ သို့စဉ်လျက် ယခုမူ သည်အဖြစ်မျိုးနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြီး လာတွေ့နေရပေပြီ။

ဒေါ်ခေမာ အားငယ်လာသည်။ ဝမ်းနည်းလာသည်။ မကွဲမပြား မပီမသနှင့်ပင် ပြောနေမိသည်။ တောင်းပန်နေမိသည်။

"အမေ့ကိုခွင့်လွှတ်ပါ သမီးရယ်"

ထို့နောက် ပြတ်တောင်းတစ်ဆို့သောအသံဖြင့် စကားဆက်သည်။

"အမေလေ သမီးကို နောက်ဆုံး ဒုက္ခပေးရတာပါ။ နောက်ဆုံးပါ၊ ဒါနောက်ဆုံးပါ။ အမေလေ သမီးကို တွေ့ချင်လွန်းလို့ပါကွယ်"

ဒေါ်ခေမာသည် ပြောရင်းမှပင် မောနေသည်။ ပါးပြင်သို့ မျက်ရည်ပူများ စီးကျလာသည်။

ကြေကွဲမှုသည် နန်းကိန္နရီထံ ကူးစက်လာသည်သို့ ဖြစ်သည်။ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ သူက ဒေါ်ခေမာအား ပိုမိုတင်းကျပ်စွာ ဖက်လိုက်သည်။

"မဟုတ်ဘူး အမေ။ ဒါ နောက်ဆုံးမဟုတ်ဘူး။ အမေ့ကို သမီးခွင့်မလွှတ်နိုင်စရာ ဘာမှမရှိဘူး။ အမေဟာ ဘာအမှားကိုမှ မကျူးလွန်ဘူး။ ကိုယ့်သမီး ကိုယ်တွေ့ချင်လို့လာတာက အမှားမဟုတ်ဘူး"

"ဒါ နောက်ဆုံးပါသမီးရယ်။ အမေ့ရင်ထဲမှာ ပူလှပြီ။ မျက်လုံးတွေလည်း ပြာလှပြီ"

"အမေ၊ အမေ"

"အမေ သွားရတော့မယ် ထင်တယ်"

"ဟင့်အင်း အမေမသေရဘူး။ မသေရဘူး"

ပြောရင်းမှာပင် ဒေါ်ခေမာသည် သွေးများ ပွက်ခနဲ အန်လာသည်။

"အမေ မသေရဘူး။ အခုကျမှတော့ ဆက်ပြီး အသက်ရှင်နေပါဦး အမေရယ်။ သမီးတို့နဲ့အတူနေဖို့ အချိန်ပေးပါဦး။ အမေ့ကို အမေတော်ရတာ သမီး မရှက်တော့ပါဘူး။ မနာကြည်းတော့ပါဘူး။ သမီး ပြောတာ ကြားရဲ့လား။ အမေဟာ ဘာပဲဖြစ်ဖြစ် သမီးရဲ့အမေပါ"

ဒေါ်ခေမာသည် သတိပြန်လစ်သွားသည်။ သို့တိုင်အောင်နန်းကိန္နရီ၏လက်ကို ကိုင်ထားသောလက်မှာ တင်းကျပ်ဆဲပင် ဖြစ်သည်။ အသက်ကို ခက်ခဲစွာ ရှူရှိုက်ရဟန်ဖြင့် ရင်သည် ဖားဖိုတစ်ခုလို မြင့်ချည် နိမ့်ချည် ဖြစ်နေသည်။

"အမေ၊ အမေ"

နန်းကိန္နရီက ဒေါ်ခေမာ၏ကိုယ်ကို လှုပ်ယမ်းရင်း ခေါ်လိုက်သည်။ ဒေါ်ခေမာ၏ထူးသံကို မကြားရတော့။ နှာခေါင်းနှင့် ပါးစပ်တို့မှ သွေးများ ပို၍ကျလာသည်။

အဝေးဆီမှ ဥဩသံကြားရသည်။ သူနာတင်ကား၏ ဥဩသံပင် ဖြစ်သည်။

ဒေါ်ခေမာ၏ ကိုယ်သည် တဆတ်ဆတ် တုန်လာသည်။ နဖူးမှာ ချွေးစေးများ ပြန်နေသည်။ ဝေဒနာကို အလွန်အမင်း ပြင်းပြစွာခံစားနေရသည့်နှယ် ဖြစ်သည်။

နန်းကိန္နရီသည် "အမေ၊ အမေ" နှင့် ခေါ်သည်။ နွယ်နွယ်ထွန်းဘက်သို့လှည့်ကာ အကူအညီ တောင်းခံပြန်သည်။ "မမအဲလစ်ရယ်၊ အမေ့ကို သတိပြန်ရအောင် လုပ်မပေးနိုင်တော့ဘူးလားဟင်"

နွယ်နွယ်ထွန်းသည် ဒေါ်ခေမာကို စိုးရိမ်တကြီး စောင့်ကြည့်နေမိသည်။ ရင်ထဲမှလည်း တောင်းပန်နေမိသည်။ စောင့်ပါဦး။ သူနာတင်ကားရောက်လာသည်အထိ စောင့်ပါဦး။

ဥဩသံသည် တစ်စထက်တစ်စ ကျယ်လောင်လာသည်။

"အမေ၊ အမေ" နန်းကိန္နရီ၏ ရင်ပွင့်မတတ် တစာစာခေါ်သံကိုကြားရကာ အားလုံး စိတ်မကောင်းနိုင်အောင် ဖြစ်နေရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မကြည့်ရက်တော့သဖြင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားမိသည်။ "မောင်ရေ၊ အမေ့ကို မကယ်နိုင်တော့ဘူးလားဟင်" နန်းကိန္နရီက မျိုးထွန်းသိန်းဘက်သို့လည်း အကူအညီတောင်းလိုက်ပြန်သည်။ မျိုးထွန်းသိန်း ဘာပြောရမည်မသိ။

ဒေါ်ခေမာ၏ကိုယ်သည် တုန်လှုပ်နေရာမှ ဆတ်ခနဲ ငြိမ်ကျသွားသည်။ ပျော့သွားသည်။ နန်းကိန္နရီ၏လက်ကို ကိုင်ထားသောလက်သည်လည်း ရုတ်တရက် ပြေကျသွားသည်။

"အမေ"

နန်းကိန္နရီ အထိတ်တလန့် ခေါ်လိုက်သည်။ နွယ်နွယ်ထွန်းသည် ဒေါ်ခေမာ၏ရင်ကို ကပ်၍ နားထောင်သည်။ နှလုံးခုန်သည်ကို မကြားရတော့။ လက်ကိုယူ၍ သွေးစစ်ကြည့်သည်။ သွေးလည်ပတ်မှုသည်လည်း ရပ်တန့်သွားလေပြီ။

"အမေ၊ အမေ သေပြီလားဟင်"

နန်းကိန္နရီ ထိတ်လန့်စွာမေးသည်။ နွယ်နွယ်ထွန်းသည် စိတ်မကောင်းလှစွာဖြင့် ခေါင်းကို ညိတ်ပြလိုက်မိသည်။

"အမေ၊ အမေရယ်"

နန်းကိန္နရီသည် ဒေါ်ခေမာ၏ ရင်ဘတ်ပေါ်သို့ မျက်နှာကို မှောက်ချလိုက်သည်။ ငိုရှိုက်သံသည် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

လူနာတင်ကား၏ဥဩသံသည် ခြံဝသို့ ရောက်လာလေသည်။

"အမေရယ်၊ သမီးကို ဘာဖြစ်လို့ ကြေကွဲအောင် လုပ်ချင်ရတာလဲဟင်။ ဘာဖြစ်လို့ သမီးကို တစ်သက်လုံး ဖြေမရအောင် မျက်နှာလာပြရတာလဲ။ သမီးဆီကို ဘယ်တော့မှမလာပဲနေခဲ့ရင် အကောင်းလေသား။ အခုတော့ သမီး ဖြေလို့မရတော့ဘူး အမေရဲ့"

နန်းကိန္နရီ၏အသံသည် ဆို့နင့်သွားသည်။ တိမ်ဝင်သွားသည်။ မျိုးထွန်းသိန်းက သူ၏ပခုံးကို ဖက်ကာ ချော့မော့နှစ်သိမ့်သည်။

နွယ်နွယ်ထွန်းက နန်းကိန္နရီ၏ လက်များကို ဖြေလိုက်သည်။ ဒေါ်ခေမာ၏ကိုယ်ကို ကြမ်းပြင်ပေါ်သို့ ချပေးလိုက်သည်။

"ကားတိုက်မိတဲ့ဒဏ်ကြောင့် ဦးနှောက်ထဲကို သွေးဝင်သွားပုံရတယ်။ ပင်ကိုကလည်း ရောဂါအခံရှိနေပုံရတယ်။ ဒါကြောင့် ဒီလောက်မြန်သွားတာ"

နွယ်နွယ်ထွန်းက မှတ်ချက်ချသည်။

ခြံအတွင်းသို့ သူနာတင်ကား မောင်းဝင်လာသည်။ သူနာပြုများ ဆင်းလာသည်။ နွယ်နွယ်ထွန်းက သူတို့ကို အကျိုးအကြောင်း ရှင်းပြသည်။ သူတို့သည် အလောင်းကို ထမ်းစင်ဖြင့် သယ်ယူကာ ကားပေါ်သို့ တင်ရန် ပြင်ဆင်ကြသည်။ ဤသည်ကို နန်းကိန္နရီက တားဆီးနေသည်။ **ဆက်လက်ဖော်ပြပါမည်။**

**"မိခင်၏အဖြစ်ကလည်း ရင်နင့်စရာပါပဲကလား။ သူတော်စင်အဝတ်နှင့် သွေးလိမ်းကျံနေသောကိုယ်သည် နန်းကိန္နရီ၏စိတ်ကို များစွာပြောင်းလဲသွားစေသည်။ မိခင်ပါကလားဟူသောစိတ်က စေ့ဆော်ကာ အရာရာကို မေ့လျော့သွားသည်။ အပြစ်အနာကိုလည်း မမြင်နိုင်။ မိခင်တော်ရသည်ကို ရှက်ရွံ့မိသည့် စိတ်သည်လည်း ပျောက်လွင့်သွားသည်။ ဆူသည်ကြုံသည်၊ နိမ့်သည်မြင့်သည်၊ ဆိုးသည်ကောင်းသည်ဆိုခြင်းမှာ အပယိကမျှသာဖြစ်သည်။ မိခင်ဟူသည် မိခင်ပါကလားဟု နန်းကိန္နရီ တွေးတတ်လာလေပြီ။ ကိုယ်တိုင်က မိခင်ဖြစ်နေခဲ့ပြီဖြစ်သောကြောင့်လည်း သည်အတွေးမျိုးကို . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

● **မြန်မာ ယူ-၁၉ မှ**

ယင်းခြေစမ်းပွဲ နှစ်ပွဲကို ဩဂုတ် ၂၉ ရက်နှင့် ၃၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးမင်းမင်းထွန်းနှင့် ဦးစထက်နိုင်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် စက်တင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး Junior Lions အသင်းအမည်ဖြင့် ပြည်တွင်းလိဂ်ဖြစ်သော MNL-2 ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ အမျိုးသား ဘောလုံးအသင်းကို ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကရင်ပြည်နယ်အသင်းနည်းပြ ဦးသိန်းဇံနှင့် ဒုတိယရရှိခဲ့သော မွန်ပြည်နယ်အသင်းနည်းပြ ဦးမင်းသူ၊ ဂိုးနည်းပြအဖြစ် ကရင်ပြည်နယ်အသင်းမှ ဦးသူရနိုင်တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ပြိုင်ပွဲတွင် ခြေစွမ်းပြသသည့် အသက် ၁၉ နှစ်အောက် ကစားသမားများအနေဖြင့် မြန်မာနေရှင်နယ်လိဂ်ကလပ်များတွင် ပါဝင်ကစားနိုင်မည့် အခွင့်အရေးရရှိစေရေး၊ သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်အသင်းများ(အထူးသဖြင့် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ယူ-၂၂ အသင်း) အတွက် ကစားသမား ရွေးချယ်ရာတွင် အထောက်အကူဖြစ်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် ယခုခြေစမ်းပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - VFF**

❍ **MNL-2 မှ**

ရှစ်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Junior Lions အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ ကချင်ယူနိုက်တက်နှင့် မောရဝတီအသင်းက သုံးပွဲကစား လေးမှတ်စီ၊ Young Boys အသင်းက နှစ်ပွဲကစား သုံးမှတ်ရရှိထားကာ ယောမြေအသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**စိတ်ဝင်စားစရာကောင်းနေ**

ယခုတစ်ပတ်တွင် ရမှတ်တူနေသည့် ကချင်ယူနိုက်တက်နှင့် မောရဝတီအသင်းတွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းနေပြီး ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းမှာမူ မြန်မာ ယူ-၁၆ လက်ရွေးစင်(ခ)Young Boys အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

## အနုပညာ

# ဘရစ်တနေစပီးယားစ်၏ တေးသီချင်း ထွက်ရှိ

ကျော်ကြားတဲ့အမေရိကန်တေးသံရှင်တစ်ဦးဖြစ်သူ ဘရစ်တနေစပီးယားစ်က လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ တေးသီချင်းသစ် မထုတ်လွှင့်တာ အတော်ကြာခဲ့ပြီဖြစ်တဲ့ တေးသံရှင်က လတ်တလောမှာ တေးသီချင်းသစ်နဲ့အတူ ပြန်လည်ပေါ်ထွက်လာတာပါ။ အဆိုပါ တေးသီချင်းမှာ ဘရစ်တနေစပီးယားစ်က အခြားသော တေးသံရှင်တစ်ဦးဖြစ်သူ အယ်လ်တန်ဂျွန်နဲ့ တွဲဖက်သီဆိုထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၂၆ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တဲ့ သူ့ရဲ့ တေးသီချင်းသစ်ဟာ Hold Me Closer လို့အမည်ရကာ အယ်လ်တန်ဂျွန်ရဲ့ တေးသီချင်းဟောင်းတစ်ပုဒ်ကို ပြန်လည် ဆန်းသစ်ထားတာပါ။ ဘရစ်တနေစပီးယားစ်ဟာ ပြီးခဲ့တဲ့ ခြောက်နှစ်တာအတွင်း တေးသီချင်းသစ် ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ လတ်တလောမှာမှ တေးသီချင်းသစ် ပြန်လည်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

တေးသီချင်းသစ် ထုတ်လွှင့်မှုနဲ့ပတ်သက်ပြီး ဘရစ်တနေစပီးယားစ်က ယခု သီတင်းပတ်အတွင်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ သူက လတ်တလော ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ အကတေးသီချင်းတစ်ပုဒ်လို့ဆိုနိုင်ကြောင်းနဲ့ တေးသီချင်းသစ်ကို ဂီတလောကရဲ့ ဂန္ထဝင်တေးသံရှင်တစ်ဦးနဲ့ တွဲဖက်သီဆိုထားတာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။



**ပရိသတ်တွေက ကြိုဆို**

ဘရစ်တနေစပီးယားစ်ရဲ့ တေးသီချင်းသစ်ထုတ်လွှင့်မှုအပေါ် ပရိသတ်တွေကလည်း ကြိုဆိုခဲ့ကြပါတယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် သူ့ရဲ့ တေးသီချင်းသစ်ကို ကြိုက်နှစ်သက်ကြောင်းနဲ့ ဘရစ်တနေစပီးယားစ် တေးဂီတလောကအတွင်း ပြန်လည်ဝင်ရောက်လာတာကို ကြိုဆိုကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါ တေးသီချင်းသစ်ဟာ အောင်မြင်တဲ့ တေးသီချင်းသစ် တစ်ပုဒ်ဖြစ်တယ်လို့ ဆိုရမှာပါ။ အကြောင်းကတော့ ယင်းတေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက် အချိန်တိုအတွင်း ဗြိတိန်နဲ့ အမေရိကန်မှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

# မြောက်အမေရိကားမှာ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတဲ့ KARD



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ KARD ဟာ အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲကို မြောက်အမေရိကားမှာ ပြုလုပ်လျက်ရှိကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

တောင်အမေရိကားဖျော်ဖြေပွဲတွေ အောင်မြင်မှုရခဲ့တာကြောင့် မြောက်အမေရိကားမှာလည်း ဆက်လက်ဖျော်ဖြေဖို့ စီစဉ်ခဲ့တာပါ။ မြောက်အမေရိကား ဖျော်ဖြေပွဲတွေကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ပြုလုပ်မှာ ဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ သူတို့ရဲ့ တေးအယ်လ်ဘမ် RE ကို ထုတ်လွှင့်ခဲ့ပြီးနောက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့တာပါ။ ပြီးခဲ့တဲ့ နှစ်နှစ်တာအတွင်း ဖျော်ဖြေပွဲတွေ ရပ်နားထားခဲ့ရာမှ လတ်တလောမှာ ပြန်လည်ပြုလုပ်ဖို့ စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။




**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၅၉၉)၊ အောင်မင်္ဂလာလမ်း၊ ဒေါ်စန်းမီ[၁၂/မဂတ(နိုင်)၀၂၇၁၁၀]အမည်ပေါက် အကျယ်အဝန်း(၄၀'x၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀'x၆၀')ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်သူကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်မွန်မွန်ချို (LL.B) | ဒေါ်စန္ဒာဝင်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉) |

အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆

## ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ ၄၅၂၄ ဧကနှင့် စပါး ၄၆၀၆၇ ဧက စိုက်ပျိုးပြီးစီး

ကျောက်ဆည် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်း ဆန်စပါးနှင့်စားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံမျိုးစုံ ၄၅၂၄ ဧကနှင့် စပါး ၄၆၀၆၇ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးဖူလုံပိုလျှံရေး တိုက်နယ် ၁၂ ခု၊ ကွင်းပေါင်း ၂၁၇ ကွင်း၌ ရောမင်း၊ မနောသုခ၊ ရွှေမနော်၊ ဆင်းသုခ မိုးစပါးသီးနှံများကို စိုက်ပျိုးလျက်ရှိရာ စုစုပေါင်း ၄၆၀၆၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို တိုက်နယ်(၁၂)ခုတွင် စုစုပေါင်း ၄၅၂၄ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် သီးနှံများအောင်မြင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၅၀/၁၅၂)ရှိ(၂)ခန်းတွဲ(၈)ထပ်ခွဲတိုက်အဆောက်အဦမှ အကျယ်အဝန်း(၂၅'x၈၀')ရှိ ၅-လွှာ(စတုတ္ထထပ်)(4-A)ခေတ်လေ့ခါးပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးမောင်စိန်(ကွယ်လွန်)၏တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူဒေါ်မြင့်မြင့်ရီ (၁၂/မဂတ(နိုင်)၀၆၇၄၆၃)မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်အရ အဆိုပါတိုက်ခန်းအား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မာလာဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)**
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
**အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၉၅၅၁၂၇၈၂၈**

**လိုင်စင်သက်တမ်းတိုးရန်အတွက် ဦးစိုးမင်းဦးသိစေရန်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၃၀၃)ရှိ အဆင့်မြင့်လက်ဖက်ရည်နှင့် စားဖွယ်စုံ(အစုစပ်လုပ်ငန်း)အား လိုင်စင်သက်တမ်းတိုးရန် လှိုင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ (၂၄-၆-၂၀၂၂)ရက်စွဲပါစာဖြင့် အကြောင်းကြားလာပါသည်။ လိုင်စင်သက်တမ်းတိုးရန်အတွက် လိုင်စင် အမည်ပါသူတစ်ဦးဖြစ်သော လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ပါရမီလမ်းအမှတ်(၂၆)နေ ဦးစိုးမင်းဦး [၁၂/မရက(နိုင်)၀၂၄၇၇၆]အား ဆက်သွယ်သော်လည်း လုံးဝဆက်သွယ်၍ မရပါ။ ဦးစိုးမင်းဦးအနေဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရေးအတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အစုရှယ်ယာဝင်များဖြစ်သော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံသို့ လူကိုယ်တိုင်ဆက်သွယ်ဆောင်ရွက်ရန် အသိပေးအပ်ပါသည်။ ထိုသို့ဆက်သွယ် ဆောင်ရွက်ရန် ပျက်ကွက်လျှင် (၁၃-၆-၂၀၂၂)ရက်စွဲပါ အစုစပ်လုပ်ငန်းစာချုပ်အပိုဒ်(၉)ပါ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ကျန်ရှိသော အစုရှယ်ယာဝင်(၃)ဦး၏ သဘောတူဆုံးဖြတ်မှုဖြင့် လိုင်စင်သက်တမ်းတိုးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း[၁၂/လမန(နိုင်)၀၁၇၈၈၉]၊ ဦးမြင့်ဝင်း[၁၂/ဒဂန(နိုင်)၀၁၃၂၀၈]၊**
**ဦးမြင့်မောင်[၁၂/ကမရ(နိုင်)၀၀၅၀၅၈]**
**အမှတ်(၃၀၃)၊ လှိုင်မြစ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၈၄၇)ဟုခေါ်တွင်သော မြေဧရိယာ ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ဦးရဲမောင်မောင် [၁၂/ဒဂန(နိုင်)၀၁၉၅၃၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ထက်အောင် [၁၂/သခန(နိုင်)၁၁၅၁၄၄]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B (Q), HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ (၁၀/တောင်)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ မြေကွက်အမှတ်(၁၂၅၁/က)ဟုခေါ် တွင်သော၊ မြေဧရိယာ ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ဒေါ်မြင့်မြင့်ဦး [၁၂/သကတ(နိုင်)၁၀၂၄၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ကိုယ်တိုင် တရားဝင် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဦး[၁၂/သကတ(နိုင်)၁၀၂၄၈၈]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် (LL.B (Q), HGP)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

**သာသနစက္ကပ္ပဝတ္တကအသင်းကြီး၏ ပခုက္ကူမြို့**

၁၃၈၄-ခုနှစ်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် သာသနာလင်္ကာရ အကျော်စာတော်ပြန်ပွဲကို ဝင်ရောက်ဖြေဆိုတော်မူကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များသည် ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၄ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၁၄)ရက်နေ့အတွင်း ဤအသင်းရုံးသို့ အရောက်ပေးပို့နိုင်ပါသည်ဘုရား---

**ယခုနှစ်စာပြန်ပွဲအတွက် အသက်(၃၂)နှစ်အထိ ဖြေခွင့်ပြုပါသည်**
**သာသနစက္ကပ္ပဝတ္တကအသင်း**
**မြို့မလမ်း၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့**

**ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၉)လမ်း၊ တိုက်အမှတ်(၇၇)ဟုခေါ် သည့်(၂)ခန်းတွဲ (၆)ထပ်ကန်ထရိုက်တိုက်၏(ပထမထပ်/၂-လွှာ)ခြေရင်းခန်း တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းအားကန်ထရိုက်ဖြစ်သူ ဦးထွန်းလင်း (၁၂/စခန(နိုင်)၀၄၅၅၈၉) ကိုင်ဆောင်သူမှတရားဝင်ပိုင်ရှင်အဖြစ်အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)(hasrealestate.info@gmail.com)

| | |
|---|---|
| ဦးသန့်ဇင် (LL.B) | ဒေါ်ဟန်နွေနိုင် (LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ (စဉ်-၂၇၅၄၄) |
| Ph-09 253995848,09 798420119 | Ph-09 420073685 |

**အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ အနော်မာလမ်းရှိ အမှတ်(၅၆၃/က)ဟုခေါ်တွင်သော ဦးစိန်ဝင်း အမည်ပေါက် မြေချပါမစ်အကျယ်အဝန်း ပေ(၁၀)x ပေ(၆၀)မြေကွက်ပိုင်ဆိုင်မှုနှင့် အမှတ်(၅၆၃/ခ)ဟုခေါ်တွင်သော ဦးလှသိန်း အမည်ပေါက် မြေချပါမစ် အကျယ်အဝန်းပေ (၂၀)xပေ(၆၀)မြေကွက်ပိုင်ဆိုင်မှုတို့ပေါ်တွင် ဆောက်လုပ်ထားသောလူနေလိုင်းခန်းတွဲနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကျော်ဝင်း[၁၂/ထတပ(နိုင်)၀၅၂၂၈၀]နှင့် ဒေါ်ရင်နု[၁၂/ထတပ(နိုင်)၀၅၂၂၈၇] တို့မှ ၎င်းတို့လက်ရှိထား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ ဦးကျော်အေး [၈/ပခက(နိုင်)၁၃၇၀၀၁]ကိုင်ဆောင်သူသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ရယူထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အဲမွန်ဦး [LL.B (Q)] (C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၃၈)**
**ဖုန်း-၀၉-၄၅၉၃၈၂၄၇၁၊ ၀၉-၇၈၉၈၇၅၆၂၈**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ရာဇကုမ္မာလမ်း၊ မြေကွက်အမှတ်(၁၀၈၃/က)ဟုခေါ်တွင်သော မြေဧရိယာ ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ဦးမောင်စိုး [၁၂/ဒဂရ(နိုင်)၀၀၅၀၃၇] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆောက်လုပ်ထားသည့် (၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းသက်ဇော် [၁၂/မဝတ(နိုင်)၀၉၅၈၅၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B (Q), HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဖားရွှေကျော်လမ်းမ၊ မြေကွက်အမှတ်(၁၀၇၁)ဟုခေါ်တွင်သော မြေဧရိယာပေ(၄၀x၆၀)ကျယ်ဝန်းသည့် ဒေါ်မြသင်းကြိုင်(ISN-543614) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့်[၁၃/တယန(နိုင်)၀၂၁၂၃၆]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယမုံဇော်(LL.B(Q), HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ချောင်းဦးမြို့နယ်၌ ဝါစိုက်ဧက ၆၄၀၀ ကျော် ဖြစ်ထွန်းအောင်မြင်

ချောင်းဦး ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဝါသီးနှံကို နှစ်စဉ် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဝါစိုက်ပျိုးရာသီတွင် မျိုးကောင်းမျိုးသန့်များဖြစ်သည့် ရွှေတောင် ၁၀၊ ရွှေတောင် ၈၊ ငွေချည် ၁၁၊ ငွေချည် ၉ နှင့် ဝါကြီးမျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။

ချောင်းဦးမြို့နယ်ရှိ ဝါစိုက်တောင်သူများအား ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ယခုအချိန်တွင် ဝါသီးနှံစိုက်ဧကများ ပိုးမွှားကင်းစင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ဝါစိုက်တောင်သူများအား လိုအပ်သည့်နည်းပညာများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး



ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးကြိုကာလ၊ မိုးကာလ၊ မိုးနှောင်းကာလ ဝါသီးနှံစိုက်ပျိုးရန် ဧက ၇၀၀၀ ကျော် လျာထားပြီး ယခုအချိန်အထိ ဝါသီးနှံ စိုက်ဧက ၆၄၀၀ ကျော် စိုက်ပျိုးပြီးစီး၍ ကျန်ရှိသည့် ဧက ၁၀၀၀ ကျော်ကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၁၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ရဲမှူးကြီးထွန်းမြင့်(ငြိမ်း) မှုခင်းတပ်ဖွဲ့မှူး CID ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ (၁၂)နှစ်ပြည့်သွားပြီဖြစ်သော်လည်း နေ့စဉ်သတိရလွမ်းဆွတ်တသလျက်ရှိကြပါသည်။ ဖခင်ကြီးအားရည်စူး၍ လှူဒါန်းမှုပြုသမျှကုသိုလ်အစုစုတို့အား အမျှပေးဝေပါ၏။ ဖခင်ကြီးမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

"အမျှ-အမျှ-အမျှ"

**ဇနီး ဒေါ်ကြည်ကြည် (အ.ထ.က.၁၊ အင်းစိန်-ငြိမ်း)နှင့် မိသားစု**

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထားဝင်း
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၅၁/က)နေ ဦးခင်သိန်း၏ ဇနီး၊ ဒေါက်တာ ဝင်းရင်-ဒေါက်တာသီသီထွန်း (အထူးကုဆရာဝန်ကြီး- အဏုဇီဝဗေဒ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)၏ မိခင် ဒေါ်ခင်ထားဝင်းသည် ၂၆-၈-၂၀၂၂ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**

### ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဒ/၁၇ ရပ်ကွက်၊ အပိုင်း(၃)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၀၅၄)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ [ဒေါ်ခက်ခက်ထွန်း(၁၂/မဂတ(နိုင်)၀၄၀၄၈၉) အမည်ပေါက်]ပါမစ်မူရင်းမြေကွက်နှင့် နေအိမ်အား ပိုင်ဆိုင်ပြီး အရောင်းအဝယ်စာချုပ်စာတမ်းအစပ်အဆက်ဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်းစိုး[၁၂/လမန(နိုင်)၁၁၇၈၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင်[၁၂/လမန(နိုင်)၁၁၈၀၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဟန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

### ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၆၁၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ[ဦးလှနိုင်(၁၂/တမန(နိုင်)၀၉၅၅၉၇)အမည်ပေါက်] နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်အား ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှမ့်မိုးမိုးလှိုင် [၁၄/ပတန(နိုင်)၁၁၄၃၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်လတ် [၁၄/မမန(နိုင်)၁၈၃၀၂၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဟန် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၅၆) အခန်း(၂၀၁)၊ အကျယ်အဝန်း (အလျား ၂၅ပေxအနံ ၆၀ပေ) ရှိ အိုးအိမ်တိုက်ခန်းနှင့်တကွယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာ၊ အိမ်သာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဖြိုးသက်ထွဋ်[၁၂/ရကန(နိုင်)၀၀၆၂၈၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက လိုအပ်သော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဝယ်ယူသူ)**
**ဒေါ်ထားအိဟန်**
**ဖုန်း-၀၉-၅၀၆၆၁၀၉၊ ၀၉-၂၅၀၀၀၁၉၇၃**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃၇၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၃၇၈)၊ အကျယ်အဝန်း (၄၃ပေ x၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် (၁)ထပ် အဆောက်အဦအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်သူ ဦးမျိုးသိန်း [၁၂/ကမရ(နိုင်)၀၃၄၉၇၈]မှ မိမိအမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ၊ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ဝမ်းနည်းကြေကွဲခြင်း
## ရဆူဘီ (ခ) ဒေါ်ခင်မြင့်
## အသက်(၇၈)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဇီဝကမ္မဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါက်တာလွင်အေးသက်၏ မွေးသမိခင် ကျေးဇူးရှင် ရဆူဘီ(ခ)ဒေါ်ခင်မြင့် အသက်(၇၈)နှစ်သည် ၂၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ ငွေငွေတင်**
**ဒုတိယပါမောက္ခချုပ်၊ ကထိက/ဌာနမှူး၊ ဆရာ/ဆရာမများ**
**ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထားဝင်း
## အသက်(၇၆)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် အဏုဇီဝဗေဒဌာနမှ တွဲဖက် ပါမောက္ခ/အထူးကုဆရာဝန်ကြီး ဒေါက်တာသီသီထွန်း၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ခင်ထားဝင်း အသက်(၇၆)နှစ်သည် ၂၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီတွင် (၉၆)ပါး သောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာငွေငွေတင်**
**ဒုတိယပါမောက္ခချုပ်၊ ကထိက/ဌာနမှူး၊ ဆရာ/ဆရာမများ**
**ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

### ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၁၀၀၇)၊ ရွှေဝါထွန်းလမ်း ဟုခေါ်တွင်သော အကျယ်ပေ ၄၀x၆၀ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x ၆၀)ရှိမြေနှင့် အဆောက်အဦ (ခြံအရှေ့မှ မျက်နှာမူလျှင် ညာဘက်ခြမ်း)ကို စာချုပ်စာတမ်းအဆက်စပ်ဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော ဒေါ်စိန်ထွေး [၈/ရစက(နိုင်)၁၂၀၅၀၆]ထံမှ အပြီးပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ငြိမ်းအောင်(L.L.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)**
**ဖုန်း-၀၉-၈၈၄၂၄၆၂၆၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၄) မြေညီထပ်(ညာဘက်ခြမ်း) ဟုခေါ်တွင်သော (၁၂ပေခွဲ x ၅၅ပေ) အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်စိုးစိုးအေး[၁၂/ကတတ(နိုင်) ၀၁၄၉၈၅]မှ ရောင်းချရန်ကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာမောင်မောင် [၁၂/လသယ(နိုင်)၀၆၃၇၄၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာမောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည်သာကျော်မီ (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၈၃၅)**
**L.B, DIP in IT, DIP in CA**
**အမှတ်(၇၅)၊ ပထမထပ်၊ (၄၄)လမ်း (လမ်းတို)၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၇၄၀၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၁၄၂၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၄၂၉)၊ အကျယ်အဝန်း(အလျား၄၂ပေxအနံ၆၀ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(အလျား၂၂ပေxအနံ၆၀ပေ)ရှိနှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ပျဉ်ထောင်အိမ်အပါအဝင် ဆက်နွှယ်တွယ်ကပ် လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးမြင့်သိန်း [၁၂/လမန(နိုင်)၁၀၂၅၂၈]ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် (၄-၄-၂၀၀၇)ရက်နေ့ကတည်းကပင် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ရီရီမြင့်[၁၂/ဥကတ(နိုင်)၀၇၆၅၅၂]မှ အရှုပ်အထွေးကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစိတ်တစ်ဒေသကို ရောင်းချသူထံပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ၊ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**




## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာသိရီ
## သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ရန်အောင်ကျောင်းတိုက်၊ နန္ဒာမင်းကျောင်း၊ ခမည်းတော် ဦးပျိုတို့-မယ်တော်(ဒေါ်သောင်းငွေး)တို့၏သား ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာသိရီ သိက္ခာတော် (၃၅)ဝါ၊ သက်တော်(၅၅)နှစ်သည် (၁၃၈၄-ခု၊ တော်သလင်းလဆန်း ၃ ရက်)၊ ၂၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၂:၁၀ နာရီခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄-ခု၊ တော်သလင်းလဆန်း ၅ ရက်)၊ ၃၀-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## ဒေါ်အေးအေးသင်း [ B.A (Myanmar) ]
## အသက် (၄၈) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေကြီး(ကဂ)ရပ်ကွက်၊ အမှတ်(၂၀ဘီ)၊ မြေညီထပ်၊ (၁၅၇)လမ်းနေ (ဦးကျော်မင်း) (ဗိုလ်ချုပ်အောင်ဆန်းဈေး) + ဒေါ်တင်နွဲ့ တို့၏သမီးလတ်၊ ဦးစိုးဝင်း (ဗိုလ်ချုပ်ဈေးသစ်)+ ဒေါ်လှသန်း တို့၏သမီးချွေးမ၊ ဦးမျိုးဝင်း(**Marine Future Shipping Co., Ltd**) ၏ ချစ်လှစွာသောဇနီး၊ မခိုင်ဇင်သန့် (**3rd year, Botany**)၏ ချစ်လှစွာသော မိခင်၊ဒေါ်မြင့်မြင့်အေး ၏ညီမ၊ (ဦးသန့်စင်ကျော်)+မရွှေရည်ဝင်း၊ မခင်ခင်ဝင်း တို့၏အစ်မ၊ မနှင်းဝဒီထက် ၏အဒေါ်ဖြစ်သူ -

**ဒေါ်အေးအေးသင်း ၊ အသက် (၄၈)နှစ်**သည် ( ၂၈-၈-၂၀၂၂ )ရက် (တနင်္ဂနွေနေ့) နံနက် (၁၀)နာရီ (၄၁)မိနစ်အချိန်တွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၃၀-၈-၂၀၂၂)ရက်နေ့ (အင်္ဂါနေ့) မွန်းလွဲ (၂:၀၀)နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ (၃-၉-၂၀၂၂)ရက်နေ့ (စနေနေ့) နံနက် ( ၇:၀၀ ) အချိန်တွင် ရက်လည်ဆွမ်းသွပ်တရားတော်နာယူမည်ဖြစ်ပါသောကြောင့် တရားနာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်(၁၁:၃၀)နာရီအချိန်တွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇင်ဝင့်[၁၂/လသန(နိုင်)၀၁၉၇၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ Time Square၊ ကုန်သည်လမ်း၊ အမှတ်(A/201) တိုက် C2 Condo တိုက်ခန်းကိုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာမြင့်[၁၂/ဗဟန(နိုင်)၀၂၉၉၇၅]ထံမှဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဝင်း**
**B.A(Law), LL.B, D.I.L, D.M.L, DA (Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၉၄/၁၉၈၂)**
**အမှတ်(၅၀)၊ (ပ)ထပ်၊ အခန်း ဒီ-၁၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၅၁၄၇၈၊ ၀၉-၇၉၅၉၀၈၆၅၈**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



**အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူ လေ့ကျင့်မွေးထုတ်သွားရန်လို၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်။ ဒေသအလိုက် အားကစားကွင်းများတည်ဆောက်ရာတွင် ရေရှည်မြော်တွေး ဆောင်ရွက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၈၁၇) ဧကရှိသော နယ်မြေကို **“ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာ အမှတ်(၁၃၀/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက် (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂**



## MNL-2 (ပထမတန်း) ပြိုင်ပွဲ ပွဲစဉ်(၅) ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်(၅)တွင် Junior Lions အသင်း ပွဲစဉ်မပါဝင်ဘဲ ဩဂုတ် ၂၉ ရက်တွင် ကချင်ယူနိုက်တက်အသင်းနှင့် မောရဝတီအသင်း၊ စက်တင်ဘာ ၁ ရက်တွင် ယောမြေအသင်းနှင့် တက္ကသိုလ်အသင်း၊ စက်တင်ဘာ ၂ ရက်တွင် Young Boys အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၄)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက လေးပွဲကစား

**စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ❍**

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၂၈**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**

## မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်း ခြေစမ်းပွဲ နှစ်ပွဲ ကစားမည်

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းနှင့် ယခုလအတွင်း ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့ ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ●**



အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်း

ယနေ့ ဖတ်စရာ

**အမေရိကန်နိုင်ငံ၌ အလုပ်လုပ်နိုင်သည့်အရွယ်ရောက်ပြီးသူ ၁၆ သန်းခန့် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရ**

စာမျက်နှာ » ၁၃

**ရာသီဥတုပြောင်းလဲမှုအတွက် တက်ကြွလှုပ်ရှားသော ၁၆ နှစ်အရွယ် အမျိုးသမီး**

စာမျက်နှာ » ၂၁